# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၂/၂၀၂၄

## ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပဲစင်းငုံဈေးဆက်တက်နေ
- တရုတ်ဝယ်လိုအားကောင်းသဖြင့် နှမ်းဈေးကွက်အရောင်းသွက်
- ကျောက်ဆည်ခရိုင်တွင် ဆောင်းငရုတ် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ
- ရေစကြိုမြို့နယ်အတွင်းရှိထောပတ်ပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိနိုင်ရေးမျှော်လင့်

### နိုင်ငံတကာဈေးကွက်

- ထိုင်းနိုင်ငံ၌ ဆန်တင်ပို့မှု မဟာဗျူဟာအသစ် ချမှတ်ဆောင်ရွက်မည်
- ကမ္ဘောဒီးယားနိုင်ငံမှ ယူအေအီးနိုင်ငံသို့ ပထမအကြိမ် ဆန်တင်ပို့
- ယခုနှစ်၌ ဆောင်းပဲနီလေး တန်ချိန် ၁ ဒသမ ၆ သန်းထွက်ရှိမည်ဟု အိန္ဒိယအစိုးရ ခန့်မှန်း
- အိန္ဒိယနိုင်ငံ တင်လဲရည် ပြည်ပတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၅၀ ရာခိုင်နှုန်း စည်းကြပ်
- ဗီယက်နမ်နှင့် အင်ဒိုနီးရှား KBank အလေးပေး တိုးချဲ့မည်
- ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာ တင်ပို့မှုသည် ဆွစ်ဇာလန်ဈေးကွက်တွင် အလားအလာ ကောင်းများရှိ
- တောင်ကိုရီးယားနိုင်ငံ၏ ကော်ဖီတင်သွင်းမှုဆိုင်ရာအကောက်ခွန်နှုန်းထားနှင့် အကောက်ခွန်မဟုတ်သော စီမံ ဆောင်ရွက်မှုများ
- တရုတ်နိုင်ငံ၏ ပဲပုပ်အထွက်နှုန်းသည် ၂၀၂၃ ခုနှစ်တွင် စံချိန်တင် မြင့်မားခဲ့
- RCEP ၏ အရှိန်ဖြင့် တရုတ်-အာဆီယံ စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ပိုမိုနက်ရှိုင်းလာ
- ကမ္ဘောဒီးယား-အာဆီယံ စီးပွားရေး ထိပ်သီးအစည်းအဝေးကို မတ်လတွင် ကျင်းပမည်
- ထိုင်းနိုင်ငံ၊ အကောက်ခွန်ဦးစီးဌာနက တင်သွင်းလာသောကုန်ပစ္စည်းများအားလုံးကို X-Ray ဖြတ်သန်းခြင်းဖြင့် စစ်ဆေးသွားရန်ရှိ
- ထိုင်းနိုင်ငံတွင် လျှပ်စစ်ကားအတွက် အရေးပါသည့် တန်ချိန် ၁၅ သန်းနီးပါးရှိ လစ်သီယမ် သတ္တုသိုက်တွေ့ရှိ
- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တီမောလက်စ်နိုင်ငံဝင်ရောက်ရေး အဖွဲ့ဝင်နိုင်ငံများထောက်ခံခဲ့
- ဈေးနှုန်းသတိပေးချက်များ မဖြစ်မနေ ကပ်ရသည့်စည်းမျဉ်းဖြင့် ငွေကြေးဖောင်းပွမှုကိုလျှော့ချနိုင်ရန် ဟန်ဂေရီ ရည်မှန်း
- စူးအက်တူးမြောင်းကို မဖြတ်သန်းဘဲ ဂျုံတင်ပို့မှု ပိုမိုများပြားလာကြောင်းတွေ့ရှိ
- တောင်ကိုရီးယားနိုင်ငံသည် ဆန်ဖြင့်ပြုလုပ်သည့် စားသောက်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍအရွယ်အစားကိုနှစ်ဆမြှင့်တင်ခြင်းအား ၂၀၂၈ ခုနှစ် နောက်ဆုံးထား၍ဆောင်ရွက်သွားမည်
- ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင် ၃ ရက်ကြာ ပြသသည့် ဂျပန်ကျိုတိုကုန်သွယ်မှု ပြပွဲသို့ လာရောက် လည်ပတ်သူ ၂၀,၀၀၀ ကျော်ရှိရန်ခန့်မှန်း

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသန ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ရော်ဘာထုတ်ကုန်များတင်သွင်းမှုအပေါ် သွင်းကုန်ခွန်များပြင်ဆင် ဖြေလျှော့ပေးရန် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာလုပ်ငန်းရှင်များအသင်း (AIRIA)တောင်းဆို
- ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံကျော်ဖြင့် ယူအေအီးနိုင်ငံကို အဓိကကုန်သွယ်ဖက်အဖြစ် ဟောင်ကောင်က အသိအမှတ်ပြု

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- စိုက်ပျိုးထုတ်လုပ်သူများ တွက်ချေကိုက်သည့်လက်ဖက်မွေး
- မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် မြန်မာ့ရော်ဘာထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်ရောက်မှုမြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပြည်ပကုန်သွယ်မှုသတင်း**

- ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကိုးလအတွင်း ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအနေဖြင့် စွမ်းအင်ကဏ္ဍတွင် ဒေါ်လာ ၃၇၄ သန်းကျော်ဖြင့် အများဆုံးဖြစ်
- ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင်မြန်မာနေ့အခမ်းအနားကျင်းပ
- မြန်မာနိုင်ငံမှ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်းနိုင်ငံသို့ နှစ်စဉ် ပျားရည်တန်ချိန် ၂၀၀ ခန့် တင်ပို့နေ

**အထူးဆောင်းပါးများ**

- ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မြန်မာ့ကော်ဖီဈေးကွက်ဝင်ရောက်နိုင်မှုအလားအလာ

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ပဲစင်းငုံဈေးဆက်တက်နေ

မြန်မာပဲဈေးကွက်အတွင်း ပဲစင်းငုံဈေးနှုန်းများ တရိပ်ရိပ်တက်လျက်ရှိပြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ဈေးနှုန်းထုတ်ပြန်ချက်များအရ တစ်တန်ဈေးနှုန်း ကျပ် ၃၅ သိန်းအောက်ရှိခဲ့ရာမှ ကျပ်သိန်း ၄၀ နားထိ ရောက်ရှိလာကြောင်း တွေ့ရသည်။ သီတင်းတစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော ပဲစင်းငုံဈေးနှုန်းများမှာ ဇန်နဝါရီလ ၁၈ ရက် နေ့တွင် တစ်တန်ဈေးနှုန်းကျပ် ၃၄,၉၆,၀၀၀၊ ၁၉ ရက်နေ့တွင် ကျပ် ၃၅,၇၂,၅၀၀၊ ၂၀ ရက်နေ့တွင် ကျပ် ၃၆,၅၅,၀၀၀၊ ၂၂ ရက်နေ့တွင် ကျပ် ၃၆,၅၀,၀၀၀၊ ၂၃ ရက်နေ့တွင် ကျပ် ၃၇,၀၁,၀၀၀၊ ၂၄ ရက်နေ့တွင် ကျပ် ၃၇,၂၅,၀၀၀၊ ၂၅ ရက်နေ့တွင် ကျပ် ၃၈,၀၀,၀၀၀ အသီးသီးဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲဈေးကွက်သတင်းများအရ ပဲခွဲစက်များနှင့်ကုန်သည်များက ပဲစင်းငုံကိုလက်ရှိ ဈေးနှုန်းဖြင့် ပုံမှန်ဝယ်ယူလျက်ရှိပြီး ယခုလကုန်ပိုင်းနှင့် ဖေဖော်ဝါရီလဆန်းပိုင်းတို့တွင် ပြည်ပမှဝယ်ယူတင်သွင်းသည့် ပဲစင်းငုံအဝင်ပိုများလာနိုင်ကြောင်း၊ မြန်မာပဲစင်းငုံလည်း အမြောက်အမြားဝင်လာနိုင်ကြောင်း ဖော်ပြထားပြီး အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သော ပဲစိုက်ရာသီအတွင်း ရာသီဥတုအခြေအနေနှင့် ဖျက်ပိုးများကျခြင်းတို့ကြောင့် ပဲစင်းငုံအတွက်နှုန်းလျော့ကျခဲ့သဖြင့် ဈေးကျဆင်းနိုင်ဖွယ်မရှိကြောင်း ဖော်ပြထားသည်။

အဓိကဝယ်လက်နိုင်ငံ၏ ပြည်တွင်းဈေးနှုန်းမပြောင်းလဲသော်လည်း မြန်မာပြည်တွင်း ပဲစင်းငုံဈေးနှုန်းများမှာ လွန်ခဲ့သည့်သတင်းပတ်အတွင်း စံချိန်တင်တက်လာနေပြီး၊ ပဲအသစ်ပေါ်ချိန် ပဲဈေးကျဆင်းရမည့်အစား ပဲဈေးနှုန်းများမြင့်တက်လာခြင်းမှာ ယခုကာလအတွင်း ပဲမျိုးစုံသဘော်တင်များလည်းရှိနေခြင်းကြောင့်ဖြစ်ကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရှိရသည်။ Source: ရောဝတီတိုင်းဒေသကြီးဦးစီးမှုးရုံး

Source: https://myantrade.gov.mm/article/naypyitaw_26012024_351

### တရုတ်ဝယ်လိုအားကောင်းသဖြင့် နှမ်းဈေးကွက်အရောင်းသွက်

မကွေးတိုင်းဒေသကြီးအတွင်း အဓိကစိုက်ပျိုးသည့်သီးနှံတွင် တစ်ခုအပါအဝင်ဖြစ်သည့် နှမ်းသီးနှံသည် ဧကအားဖြင့် (၁၂,၅၉,၄၅၈)ဧကအထိ စိုက်ပျိုးကြသည်။ စိုက်ပျိုးသည့်ဧကများသလို ထွက်ရှိသည့်သီးနှံလည်းများသည်။ နှမ်းသီးနှံအား

ရောင်စုံ စိုက်ပျိုးကြသလို နှမ်းမျိုးကွဲများစွာလည်း ဒေသအလိုက်စိုက်ပျိုးကြသည်။ ထွက်ရှိသည့်နှမ်းများမှာ နှမ်းနက်(စမုန်)၊ နှမ်းနက် (ရိုးရိုး)၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းဖြူအစရှိသကဲ့သို့ နှမ်းရောင်ကွဲများလည်းရှိသည်။

နှမ်းနက်(စမုန်)သည် အောင်လံနယ်တစ်ဝိုက်တွင် အဓိကစိုက်ပျိုးကြပြီး နှမ်းနက်(စမုန်)ရောင်းဝယ် ဖောက်ကားရာ နေရာလည်းဖြစ်သည်။ နှမ်းနက်(စမုန်)အား တရုတ်မှဝယ်လိုအားကောင်းနေ၍ ယခုရက်ပိုင်းတွင် နှမ်းနက်(စမုန်) ဈေးမြင့်တက်လာကာ ကျန်နှမ်းများလည်း ဆီစက်လုပ်ငန်းရှင်များမှ ဝယ်လိုအားကြောင့်လည်း ဈေးအနည်းငယ်မြင့်တက်လာသည်။ နှမ်းနက်(စမုန်)ကို အောင်လံနယ်မှ ကျေးရွာများမှလည်းကောင်း၊ တောင်တွင်းကြီး၊ ပြည်တို့မှလည်း လာရောက်ကာ အရောင်းအဝယ်ပြုလုပ်ကြပြီး ဈေးကွက်ထဲသို့ တစ်ရက်လျှင် ၂၅ ပိဿာဝင်အိတ် ၁၀၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်သည်တစ်ဦးထံမှသိရသည်။

နှမ်းဈေးနှုန်းများအနေဖြင့် ဇန်နဝါရီလ ပထမပတ်တွင် နှမ်းနက်(စမုန်)၄၅ပိဿာ(၃)တင်းဝင် တစ်အိတ်လျှင် ကျပ်(၃,၄၀,၀၀၀)၊ နှမ်းနီ ၄၅ ပိဿာ(၃)တင်းဝင်တစ်အိတ်လျှင် ကျပ်(၂,၈၀,၀၀၀)၊ နှမ်းဖြူ ၄၅ပိဿာ(၃)တင်းဝင် တစ်အိတ်လျှင် ကျပ်(၃,၀၀,၀၀၀)၊ ဇန်နဝါရီလ ဒုတိယပတ်တွင် နှမ်းနက်(စမုန်) ၄၅ပိဿာ(၃)တင်းဝင် တစ်အိတ်လျှင် ကျပ်(၃,၅၀,၀၀၀)၊ နှမ်းနီ ၄၅ပိဿာ(၃)တင်းဝင်တစ်အိတ်လျှင် ကျပ်(၃,၀၀,၀၀၀)၊ နှမ်းဖြူ ၄၅ပိဿာ (၃)တင်းဝင် တစ်အိတ်လျှင် ကျပ်(၃,၀၀,၀၀၀)၊ ဇန်နဝါရီလ တတိယပတ်တွင် နှမ်းနက်(စမုန်) ၄၅ပိဿာ (၃)တင်းဝင်တစ်အိတ်လျှင် ကျပ်(၃,၆၀,၀၀၀)၊ နှမ်းနီ ၄၅ပိဿာ (၃)တင်းဝင်တစ်အိတ်လျှင် ကျပ်(၃,၀၀,၀၀၀)၊ နှမ်းဖြူ ၄၅ပိဿာ(၃)တင်းဝင် တစ်အိတ်လျှင် ကျပ်(၃,၀၀,၀၀၀)၊ ဇန်နဝါရီလ စတုတ္ထပတ်တွင် နှမ်းနက်(စမုန်) ၄၅ပိဿာ (၃)တင်းဝင် တစ်အိတ်လျှင် ကျပ်(၃,၆၅,၀၀၀)၊ နှမ်းနီ ၄၅ပိဿာ (၃)တင်းဝင် တစ်အိတ်လျှင် ကျပ်(၃,၂၀,၀၀၀)၊ နှမ်းဖြူ ၄၅ပိဿာ(၃)တင်းဝင် တစ်အိတ်လျှင် ကျပ်(၃,၃၀,၀၀၀)ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး

Source: https://myantrade.gov.mm/article/naypyitaw_26012024_404

## ကျောက်ဆည်ခရိုင်တွင် ဆောင်းငရုတ် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးကို အခြေခံ၍ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး ဒေသတွင်း၌ စပါးကိုအဓိကထား စိုက်ပျိုးကြသည့်အပြင် နှမ်း၊ပဲတီစိမ်း၊ ကုလားပဲ၊ ငရုတ် စသည့်သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဆောင်းငရုတ်သီးနှံ စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည် မြို့နယ်တွင် ၂၁၀၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၇၁၃ ဧက၊ မြစ်သားမြို့နယ်တွင် ၂၉၈၉ ဧက၊ စုစုပေါင်း ၅၈၁၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းငရုတ်သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလများတွင် စတင်ခူးဆွတ်ရကြောင်း၊ ငရုတ်မျိုးအနေဖြင့် ပိုးမွှားဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းမွန်သော သာမို၊ ဒီမွန်၊ အာစတာ၊ ၆၉၂ မျိုးများကို စိုက်ပျိုးကြသည့်အနက် တောင်သူများအနေဖြင့် ၆၉၂ မျိုးကို ပိုမိုစိုက်ပျိုးကြကြောင်း၊ ဆောင်းငရုတ် စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ စုစုပေါင်း ၁,၂၀၀,၀၀၀ ကျပ်ခန့် ကုန်ကျကြောင်း၊ ယခုအချိန်တွင် ငရုတ်သီးနှံများထွက်ပေါ်ခြင်း မရှိသေးသော်လည်း အဖူးအပွင့်များ ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်း လျက်ရှိကြောင်း၊ ငရုတ်သီး ပေါ်ချိန်တွင် ဈေးနှုန်းနှင့် အထွက်နှုန်း ကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ငရုတ်စိုက်တောင်သူများထံမှ သိရသည်။ **DOCA (မန္တလေး),** Source: https://www.commerce.gov.mm/my/article/update-news-local-trade/

## ရေစကြိုမြို့နယ်အတွင်းရှိထောပတ်ပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိနိုင်ရေးမျှော်လင့်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ကျေးရွာများဖြစ်သော ညောင်တော၊ ရှစ်အိမ်တန်း၊ ကျွန်းဘိုပင်၊ ဇီးကျွန်း၊ ကူတုတ်နှင့် အောင်ချမ်းသာကျေးရွာများတွင် မြစ်ရေကျချိန်၌ ဆောင်းသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ မြေပဲ၊ ကုလားပဲ၊ ထောပတ်ပဲနှင့် အခြား ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးကြသည့်အနက် ထောပတ်ပဲကို အများအပြား စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထောပတ်ပဲကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မတ်လကုန်ခန့်တွင် ရိတ်သိမ်းရကြောင်း၊ ထောပတ်ပဲသီးနှံတစ်ဧက စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြင်ခြင်း၊ ရိတ်သိမ်းခြင်းများအတွက် ကျပ် ၁၀,၀၀,၀၀၀ ခန့် ကုန်ကျခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ထောပတ်ပဲ စိုက်ခင်းများမှာ အသီးအပွင့်များ ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပိုးမွှားအန္တရာယ်ကျရောက်မှု၊ ရာသီဥတုဖောက်ပြန်မှု မရှိပါက အထွက်နှုန်းကောင်းမွန်နိုင်ကြောင်း၊ ယခင်ဈေးနှုန်းအနေဖြင့် ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၈၀,၀၀၀-၉၀,၀၀၀ ခန့်ရှိရာ ယခင်ဈေးနှုန်းအတိုင်းရရှိမည်ဆိုပါက အကျိုးအမြတ်ပိုမိုရရှိနိုင်သည့်အတွက် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်း ရရှိနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

Source: https://www.commerce.gov.mm/my/article/update-news-local-trade/

## ထိုင်းနိုင်ငံ၌ ဆန်တင်ပို့မှု မဟာဗျူဟာအသစ်ချမှတ် ဆောင်ရွက်မည်

ထိုင်းနိုင်ငံ၏စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အစိုးရချင်းညှိနှိုင်းသဘောတူညီချက်ဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် တစ်သန်း ရောင်းချနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းရန် စီစဉ်လျက်ရှိပြီး တရုတ်နိုင်ငံသို့လည်း အလားတူဆန်ရောင်းချရေးအတွက် ညှိနှိုင်းမည့်အစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိပြုထားကြောင်း သိရှိရသည်။ အမျိုးသား ဆန်စပါးမူဝါဒကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးနောက် အင်ဒိုနီးရှား နိုင်ငံနှင့် အစိုးရချင်းညှိနှိုင်းမှု G2G သဘောတူညီချက်များမှတစ်ဆင့် ဆန်ကုန်သွယ်မှုတိုးချဲ့နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမည့်အဖွဲ့ကိုဦးဆောင်ရန် နိုင်ငံခြား ကုန်သွယ်မှုဌာန၏ အကြီးအကဲအားတာဝန်ပေးအပ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Phumtham Wechayachai က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၂ သန်းကို G2G သဘောတူညီချက်များမှတစ်ဆင့် ဆန်တန်ချိန် တစ်သန်းနှင့် ပုဂ္ဂလိက ညှိနှိုင်းမှုမှတစ်ဆင့် ဆန်တန်ချိန် တစ်သန်း ဝယ်ယူရန်ရည်ရွယ်ချက်ရှိကြောင်း ဂျပန်-အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ထိုင်းဝန်ကြီးချုပ် Srettha Thavisin က ယမန်နှစ် နှောင်းပိုင်းတွင် ပြောကြားခဲ့သည်။

အစိုးရချင်းညှိနှိုင်းမှုဖြင့် ဆန်တင်ပို့ရောင်းချရာတွင် သမားရိုးကျပုံစံအဟောင်းအတိုင်းမဟုတ်ဘဲ အစိုးရ၏ဦးဆောင်မှုနောက်တွင် ပုဂ္ဂလိကကဏ္ဍမှလိုက်ပါဖော်ဆောင်သည့်ပုံစံအသစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အလားအလာရှိသောဝယ်လက်များသို့ ဈေးနှုန်းချိုသာစွာဖြင့် ဆန်တိုက်ရိုက်ရောင်းချခြင်းမျိုးကို အစိုးရကလုပ်ဆောင်မည်မဟုတ်ဘဲ G2G သဘောတူညီချက်များကို ညှိနှိုင်းရရှိပါက ဆန်တင်ပို့နိုင်ရေး အာမခံပေးအပ်ခြင်းသာ ပြုမည်ဖြစ်ကြောင်း၊ အစိုးရ၏ကဏ္ဍသည် စေ့စပ်ညှိနှိုင်းပေးခြင်းဖြစ်ပြီး ပုဂ္ဂလိကအပိုင်းက ဆန်တင်ပို့မှုကို လုပ်ဆောင်ရန်ဖြစ်ကြောင်း Mr Phumtham က ပြောဆိုခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် ညှိနှိုင်းမှုအပြင် တရုတ်အစိုးရပိုင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Cofco Corporation မှတစ်ဆင့် ဆန်တန်ချိန် ၂,၈၀,၀၀၀ ကို G2G အစီအစဉ်ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် ဆန်တင်ပို့မှုကာလ ထပ်မံတိုးမြှင့်ပေးမည့်ရလဒ်ကို လာမည့်သီတင်းပတ်တွင်ရရှိရန် စောင့်ဆိုင်းလျက်ရှိကြောင်း၊ ဆော်ဒီအာရေးဗီးယား၊ အာဖရိကနှင့် အီရန်တို့အပါအဝင် အခြားဒေသများစွာနှင့်လည်း ညှိနှိုင်းရန်အစီအစဉ်ရှိကြောင်း Mr. Phumtham က ပြောကြားခဲ့သည်။ ဆက်စပ်သတင်းတစ်ရပ်အရ ထိုင်းကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အမေရိကန် ဆန်ဈေးကွက်သို့ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ဇန်နဝါရီလ ၁၇ ရက်မှ ၂၂ ရက်အထိ လော့စ်အိန်ဂျလိစ်တွင် ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံအကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ် ပထမ ၁၁ လအတွင်း ထိုင်းနိုင်ငံသည် ဘတ်ငွေ ၁၆၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၁ ဘီလီယံ) တန်ဖိုးရှိ ဆန်တန်ချိန် ၇ ဒသမ ၉၅ သန်းကို တင်ပို့ခဲ့ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ကုန်စည်ပမာဏအားဖြင့် ၁၄ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တန်ဖိုးအနေဖြင့်လည်း ၂၈ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာကြောင်း သိရသည်။ စုစုပေါင်းဆန်တင်ပို့မှုတွင် ဆန်ဖြူတန်ချိန် ၄ ဒသမ ၄၇ သန်းပါဝင်ပြီး ၃၁ ရာခိုင်နှုန်း တိုးတက်မှုရရှိကြောင်း၊ ပေါင်းဆန်အား တန်ချိန် ၁ ဒသမ ၃၂ သန်းတင်ပို့ခဲ့ရာ ယခင်နှစ် ကာလတူအောက် သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ထိုင်းဟိုမာလီဆန်မွှေးကို တန်ချိန် ၁ ဒသမ ၄၄ သန်းတင်ပို့လျက် သုည ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ ထိုင်းဆန်မွှေး ၄,၇၄,၈၀၆ တန် တင်ပို့မှုသည် ၉ ဒသမ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့် ကောက်ညှင်းဆန်အား ၂၅ ရာခိုင်နှုန်းလျော့နည်းလျက် ၂,၂၇,၀၁၂ တန်သာ တင်ပို့နိုင်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ပထမ ၁၁ လအတွင်း ထိုင်းနိုင်ငံ၏ ဈေးကွက်အရ ဆန်တင်ပို့မှုမှာ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁ ဒသမ ၇ သန်းဖြင့် အများဆုံးတင်ပို့ခဲ့ပြီး ၂,၁၄၅ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း၊ အာဖရိကဒေသသို့ ဆန်တန် ၈,၇၆,၁၈၄ တန် တင်ပို့ပြီး ၂၆ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အီရတ်နိုင်ငံသို့ ဆန်တန်ချိန် ၈,၁၄,၈၀၅ တန်တင်ပို့ခဲ့ရာ ၄၄ ဒသမ၂ ရာခိုင်နှုန်း တိုးတက်မှုရရှိကြောင်း၊ အမေရိကန်နိုင်ငံသို့ ဆန် ၆,၄၈,၉၄၆ တန် တင်ပို့မှုမှာ တိုးတက်မှု ၈ ဒသမ ၉ ရာခိုင်နှုန်း ရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုမှာမူ ၄၄ ရာခိုင်နှုန်း ကျဆင်းလျက် ဆန်တန်ချိန် ၃,၆၇,၂၀၄ တန်သာ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

ယခုနှစ်၏ ဒုတိယနှစ်ဝက်တွင် အိန္ဒိယ၏ ဆန်တင်ပို့မှုပိတ်ပင်ခြင်းမှာ အဆုံးသတ်ဖွယ်ရာရှိသဖြင့် ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းခန့်သာတင်ပို့နိုင်မည်ဟု ထိုင်းဆန်တင်ပို့သူများအသင်းက ခန့်မှန်းထားသည်။ ၂၀၂၃ ခုနှစ် တစ်နှစ်လုံးအတွက် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် မျှော်မှန်းထားသည့် တန်ချိန် ၈ ဒသမ ၅ သန်းကို ကျော်လွန်လျက် စုစုပေါင်းတန်ချိန် ၈ ဒသမ ၈ သန်းမှ ၈ ဒသမ ၉ သန်းအထိ ရှိနိုင်ပြီး ဈေးနှုန်းများမြင့်တက်မှုအရ ဆန်တင်ပို့မှုမှ ဝင်ငွေသည်လည်း ဘတ်ငွေ ၁၈၀ ဘီလီယံခန့် ရရှိနိုင်ဖွယ်ရှိကြောင်း အဆိုပါအသင်းက ပြောသည်။

Source: Bangkok Post, 17 Jan 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23012024_324

## ကမ္ဘောဒီးယားနိုင်ငံမှ ယူအေအီးနိုင်ငံသို့ ပထမအကြိမ် ဆန်တင်ပို့

ကမ္ဘောဒီးယားနိုင်ငံရှိ ဆန်တင်ပို့ရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် ONE ROAD Group သည် အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) သို့ ဆန်တန်ချိန် ၆၀,၀၀၀ ကို ပထမဆုံးအကြိမ်အဖြစ် တင်ပို့မှုစတင်သည့် အခမ်းအနားကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်၊ သောကြာနေ့၌ ဖနွမ်းပင်မြို့တွင် ကျင်းပလျက် ကမ္ဘောဒီးယားဆန်အတွက် ဈေးကွက်အသစ်တစ်ခုကို ချဲ့ထွင်နိုင်ခဲ့ကြောင်း သိရှိရသည်။

ယူအေအီးထံမှ ဒေါ်လာ ၅၄ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၆၀,၀၀၀ ကို ဝယ်ယူမည့် အမှာစာလက်ခံ ရရှိခဲ့ခြင်းသည် ဆန်တင်ပို့ရောင်းချသည့်ကုမ္ပဏီ၏ အောင်မြင်မှုပင်ဖြစ်ကြောင်း၊ ယခု ဆန်တင်ပို့မှုသည် နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ချစ်ကြည်ရင်းနှီးသောပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ထို့ပြင် ယခုအစပြုတင်ပို့မှုသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ဈေးကွက်သစ်များ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် အတွက်လည်း အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်းဖြင့် ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Cham Nimul က အဆိုပါ အခမ်းအနားတွင် ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန်လ၌ ကမ္ဘောဒီးယားနှင့် ယူအေအီး နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် အဆိုပါတင်ပို့မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး Lun Yeng က ယူအေအီးဈေးကွက်သို့ ဆန်တရားဝင် တင်ပို့နိုင်မှုကို ချီးကျူးခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ယူအေအီးဈေးကွက်သို့ ဆန်တစ်ကြိမ် တင်ပို့ခဲ့သော်လည်း ပမာဏအနည်းငယ်မျှသာဖြစ်ကြောင်း၊ ယခု ONE ROAD Group က ဆန်တန်ချိန်အမြောက်အမြားကိုတင်ပို့ရန် ဆောင်ရွက်နိုင်ခြင်းဖြစ်ပြီး ပထမအသုတ်အဖြစ် ဆန်တန်ချိန် ၅၀၀ ကို တင်ပို့ခြင်း ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံပေါင်း ၆၁ နိုင်ငံသို့ စုစုပေါင်း ဆန်တန်ချိန် ၆,၅၆,၃၂၃ တန်ကို တင်ပို့ခဲ့ပြီး ယခင်နှစ်တင်ပို့မှုထက် ၃ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၄၆၆ သန်း ရရှိခဲ့ပြီး ယခင်နှစ် တင်ပို့ခဲ့မှု အပေါ် ၁၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်သည် ၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၁ သန်းတင်ပို့ ရန်ရည်မှန်းထားပြီး တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံတို့သည် အဓိကဈေးကွက်များဖြစ်ကြောင်းသိရသည်။

ဝန်ကြီး Ms. Nimul က ကမ္ဘောဒီးယားဆန်အတွက် ဈေးကွက်အသစ်များရရှိနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးရန်နှင့် ဈေးကွက်မြှင့်တင်ရန်အတွက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ယူအေအီးနိုင်ငံ Abu Dhabi ၌ စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်မှုဆွေးနွေးပွဲဖိုရမ်ကို ပူးတွဲကျင်းပရန်စီစဉ်လျက်ရှိကြောင်း၊ ၎င်းအနေဖြင့် အမှာစာများပိုမိုရရှိလျက် တိုးမြှင့်တင်ပို့နိုင်မည်ဟုယုံကြည်ကြောင်း၊ နိုင်ငံတကာစင်မြင့်ထက်တွင် ကမ္ဘောဒီးယား ဆန်၏ဂုဏ်သတင်းကိုမြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

Source: Khmer Times, 15 Jan 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့)၊ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23012024_320

## ယခုနှစ်၌ ဆောင်းပဲနီလေး တန်ချိန် ၁ ဒသမ ၆ သန်းထွက်ရှိမည်ဟု အိန္ဒိယအစိုးရ ခန့်မှန်း

အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရေးရာသီ၌ စိုက်ကေတိုးချဲ့မှုများပြားမှုအရ ပဲနီလေး စိုက်ပျိုး ထုတ်လုပ်မှုမှာ စံချိန်တင်မြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၆ သန်းအထိ ထွက်ရှိနိုင်ကြောင်း အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီး ဌာနမှ အတွင်းဝန် Rohit Kumar Singh က ပြောကြားခဲ့သည်။

ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပဲနီလေး စိုက်ကေများမှာတိုးတက်လာခဲ့ရာ ကမ္ဘာပေါ်၌ အများဆုံးစိုက်ပျိုး ထုတ်လုပ်မှုပင် ဖြစ်ကြောင်း၊ လက်ရှိ ဆောင်းသီးနှံရာသီမှ ပဲနီလေးတန်ချိန် ၁ ဒသမ ၆ သန်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ကုလားပဲနှင့် ပဲတီစိမ်းတို့၏ ဝယ်လိုအားအတွက် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် ဖြည့်ဆည်း နိုင်စွမ်းရှိသော်လည်း ပဲစင်းငုံနှင့် ပဲနီလေးတို့ကဲ့သို့သော အခြားပဲများကိုလုံလောက်စွာ ထုတ်လုပ်နိုင်မှုမရှိသဖြင့် ပြည်ပမှတင်သွင်းနေရဆဲဖြစ်ကြောင်း၊ အစိုးရ အနေဖြင့် ၂၀၂၇ ခုနှစ် ဒီဇင်ဘာလကုန်ဆုံးချိန်၌ ကိုယ်ပိုင်ထုတ်လုပ်မှုဖြင့် ပဲမျိုးစုံဖူလုံသည့်အဆင့်ရောက်ရှိအောင် ကြိုးပမ်း

လျက်ရှိပြီး အချိန်ကာလတစ်ခုအထိ သွင်းကုန်အပေါ် မှီခိုနေရဦးမည်ဖြစ်ကြောင်းဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ပဲမျိုးစုံညီလာခံ (Global Pulse Conference) အတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့၌ ပြုလုပ်ခဲ့ရာတွင် အတွင်းဝန် Mr. Singh က ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ယခုခန့်မှန်းချက်အတိုင်း ထွက်ရှိပါက ၂၀၁၇-၁၈ ခုနှစ် သီးနှံရာသီကာလအတွင်း ပဲနီလေး တန်ချိန် ၁ ဒသမ ၆၂ သန်းခန့် ထုတ်လုပ်ခဲ့သည့်နောက်ပိုင်းတွင် ၂၀၂၃-၂၄ ခုနှစ် ပဲနီလေးထွက်ရှိမှုမှာ အမြင့်ဆုံး အခြေအနေရှိမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ သီးနှံစိုက်ပျိုးရေးနှစ် သတ်မှတ်ချက်သည် ဇူလိုင်လမှ စတင်ပြီး နောက်နှစ်ဇွန်လတွင်ကုန်ဆုံးခြင်းဖြစ်သည်။ အိန္ဒိယဌာနဆိုင်ရာ အရာရှိများ၏ပြောဆိုမှုအရ ပဲနီလေးအတွက် အစိုးရကအနိမ့်ဆုံးထားဈေးပေးဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်း (Minimum Support Price – MSP) သတ်မှတ်ချက်သည် တစ်ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ၂၀၂၀-၂၁ ဈေးကွက်တင် ရောင်းချရေးနှစ်၌ ရူပီး ၅၁၀၀ နှုန်းရှိရာမှ ၂၀၂၄-၂၅ ခုနှစ်တွင် ၆၄၂၅ ရူပီးနှုန်းသို့ မြင့်တက်ရောက်ရှိခဲ့ကြောင်း၊ ထိုကဲ့သို့ MSP ဈေးနှုန်းကို ၂၆ ရာခိုင်နှုန်းခန့်တိုးမြှင့်ခဲ့ခြင်းက ပဲနီလေးကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် တောင်သူများ၏စိတ်ပါဝင်စားမှုရရှိလာစေသည့် အဓိကအချက်တစ်ရပ်ဖြစ်ကြောင်း၊ လွန်ခဲ့သော လအနည်းငယ်တွင် ဈေးကွက်အတွင်း ပဲနီလေးဈေးနှုန်းသည် တစ်ကွင်တယ်လျှင် ရူပီး ၇၅၀၀ မှ ၈၀၀၀ အတွင်းသို့ ရောက်ရှိခဲ့ပြီး တောင်သူများ၏စိုက်ပျိုးမှုကို တွန်းအားဖြစ်စေခဲ့ကြောင်း၊ လက်ရှိကာလတွင်မူ MSP ဈေးနှုန်း၏ အောက်၌ တစ်ကွင်တယ်လျှင် ရူပီး ၆၁၀၀-၆၁၂၅ ခန့်ဖြင့်သာ အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၌ ဆောင်းသီးနှံရာသီစိုက်ပျိုးမှုများ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပြီး ပဲနီလေး စိုက်ဧရိယာမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့အထိ ဟက်တာ ၁ ဒသမ ၉၄ သန်း စိုက်ပျိုးပြီးဖြစ်ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဟက်တာ သုည ဒသမ ၁၁ သန်း (၆ ဒသမ ၀၁ ရာခိုင်နှုန်း) ပိုမိုလျက်ရှိသည်။ ကုန်သည်အသိုင်းအဝိုင်းက ပြောကြားရာတွင် ကနေဒါနိုင်ငံ၏ ပဲနီလေးစိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ၁ ဒသမ ၆၇ သန်းခန့်ရှိမည်ဟု မူလက ခန့်မှန်းထားသော်လည်း နောက်ပိုင်း၌ ၃၀ ရာခိုင်နှုန်းခန့် ပြန်လည်လျှော့ချခန့်မှန်းခဲ့သဖြင့် အိန္ဒိယနိုင်ငံ၏ ထုတ်လုပ်မှုမှာ ထိပ်တန်းသို့ရောက်ရှိလာကြောင်း၊ အခြား အဓိကနိုင်ငံတစ်ခုဖြစ်သည့် ဩစတေးလျ၏ ၂၀၂၃-၂၄ ခုနှစ်အတွက် ပဲနီလေး ထွက်ရှိမှုမှာ တန်ချိန် ၁ ဒသမ ၄ သန်းခန့်ရှိနိုင်ကြောင်း သိရှိရသည်။

မကြာသေးမီ ကာလများအတွင်း ကနေဒါနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ကျဆင်းခဲ့ခြင်းက အိန္ဒိယနိုင်ငံတွင် ပဲနီလေး စိုက်ပျိုးထုတ်လုပ်မှုမှာ အရေးပါသည့်အခန်းကဏ္ဍသို့ တိုးတက်ရောက်ရှိခဲ့သည်။ ကမ္ဘာ့ပဲနီလေး စိုက်ပျိုးထုတ်လုပ်မှုတွင် ကနေဒါ၊ ဩစတေးလျနှင့် အိန္ဒိယနိုင်ငံတို့သည် ထိပ်တန်းနိုင်ငံများဖြစ်ပြီး အိန္ဒိယနိုင်ငံသည် အများဆုံးတင်သွင်းသည့် နိုင်ငံလည်းဖြစ်သည်။ ယခုနှစ်၌ ပြည်တွင်းစိုက်ပျိုးထွက်ရှိမှု တိုးတက်လာနိုင်ဖွယ်ရှိသည့်အလျောက် အိန္ဒိယနိုင်ငံ၏ ပဲနီလေး တင်သွင်းမှုသည် အနည်းငယ်မျှ လျော့ကျနိုင်ခြေရှိကြောင်း Business Standard သတင်းဌာနက ဖော်ပြထားသည်။

Source: Business Standard, 12 Jan 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23012024_312

## အိန္ဒိယနိုင်ငံ တင်လဲရည် ပြည်ပတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၅၀ ရာခိုင်နှုန်း စည်းကြပ်

ကြံမှ သကြားထုတ်လုပ်ရာတွင် ဘေးထွက်ကုန်ဖြစ်သည့် တင်လဲရည်အပေါ် ပို့ကုန်အခွန် ၅၀ ရာခိုင်နှုန်းကို အိန္ဒိယ အစိုးရက ၂၀၂၄ ဇန်နဝါရီလ ၁၈ ရက်တွင် စတင်စည်းကြပ်ကောက်ခံသည်။ ယခု ဆုံးဖြတ်ချက်သည် မုတ်သုံမိုးမမှန်သဖြင့် ကြံပြတ်လပ်မှုကို တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာသမဝါယမ သကြားစက်ရုံများအဖွဲ့ချုပ်၊ အနောက်အိန္ဒိယ သကြားစက်များအသင်းနှင့် တောင်အိန္ဒိယသကြားစက်များအသင်းတို့ကဲ့သို့သော အမျိုးမျိုးသောသကြားလုပ်ငန်းအသင်းများသည် တင်လဲရည်ပြည်ပတင်ပို့မှု ကန့်သတ်ပေးပါရန် တောင်းဆိုခဲ့ကြသည်။

ပို့ကုန်ခွန်သည် ကုန်ပစ္စည်းများ၏ ရောင်းလိုအားနှင့် ဝယ်လိုအားကို ထိန်းညှိရန် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်ဖြစ်ပြီး ပြည်တွင်းရရှိနိုင်မှုကို သေချာစေသည်။ တင်လဲရည် ပြည်ပတင်ပို့မှု လျော့နည်းသွားအောင် ပို့ကုန်ခွန်ကောက်ခံပေးခြင်းဖြင့် အီသနော ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ပြီး အီသနောရောစပ်ထားသော ဓာတ်ဆီသုံးစွဲမှုရည်မှန်းချက်ကို ပြည့်မီနိုင်စေမည်ဖြစ်သည်။ အိန္ဒိယအစိုးရသည် ၎င်း၏ E20 (၂၀ ရာခိုင်နှုန်း အီသနော ရောစပ်ဓာတ်ဆီ) ရည်မှန်းချက်ကို ၂၀၂၅-၂၆ ခုနှစ်တွင် ရရှိရန်ရည်မှန်းထားသည်။ လက်ရှိတွင် ၁၂ ရာခိုင်နှုန်းသို့ ရောက်ရှိနေသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး တင်လဲရည် ပြည်ပတင်ပို့သည့် နိုင်ငံဖြစ်သည်။ တင်လဲရည် ကမ္ဘာ့ကုန်သွယ်မှုတွင် ၂၅ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံမှ တင်ပို့သည်။ အဓိကဝယ်ယူသူများမှာ နယ်သာလန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တောင်ကိုရီးယားနှင့် အီတလီတို့ ဖြစ်ပါသည်။ မဟာရာရှတြာ၊ ဂူဂျာရပ်နှင့် ကာနာတာကာ ပြည်နယ်တို့မှ အများဆုံး တင်ပို့သည်။ Source: Mint

Source: https://www.foodindustrydirectory.com.mm

Source: https://myantrade.gov.mm/article/naypyitaw_23012024_948

## ဗီယက်နမ်နှင့် အင်ဒိုနီးရှား KBank အလေးပေး တိုးချဲ့မည်

ထိုင်းနိုင်ငံမှ ပိုင်ဆိုင်မှုများအရ ဒုတိယအကြီးမားဆုံးချေးငွေဘဏ် Kasikornbank (KBank) သည် နိုင်ငံတကာ ဘဏ်လုပ်ငန်းကိုတိုးချဲ့ရာ၌ အာဆီယံနိုင်ငံများအနက် ယခုနှစ်အတွင်း ကြီးထွားနှုန်းမြင့်မားခြင်းကို အခြေခံ၍ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့တွင် တိုးချဲ့ရန် အလေးပေးလုပ်ဆောင်သွားမည်ဖြစ်သည်။

KBank သည် တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုတို့တွင် လုပ်ကိုင်လျက်ရှိသည်။ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့သည် ဒေသတွင်းအခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ပိုမိုသန်မာသော စီးပွားရေးတိုးတက်မှုကို ခန့်မှန်းထားကြောင်း KBank အမှုဆောင်အရာရှိချုပ် Kattiya Indaravijaya က ပြောသည်။

ထိုင်းကုမ္ပဏီများသည် ဒေသတွင်းဈေးကွက်များသို့ ခက်ဖြာလုပ်ကိုင်ကြသဖြင့် ၎င်းထိုင်းကုမ္ပဏီများ၏ စီးပွားရေး အခွင့်အလမ်းများကြီးထွားအောင် KBank က ကူညီပေးခြင်းဖြင့် KBank ၏ ဒေသတွင်း တိုးချဲ့မှုတွင် ဘဏ်၏လုပ်ငန်းကဏ္ဍ တိုးတက်မှုကို လွယ်ကူချောမွေ့စေမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့အပြင် KBank သည် တရုတ်နိုင်ငံကိုလည်း ဆက်လက်အလေးပေး လုပ်ဆောင်မည်ဖြစ်ပြီး တရုတ်နိုင်ငံ စီးပွားရေးအခြေအနေကို စောင့်ကြည့်နေကြောင်း Ms Kattiya က ပြော သည်။

KBank ၏ နိုင်ငံတကာစီးပွားလုပ်ငန်းကို World Business Group (WBG) ဟုခေါ်တွင်သည်။ WBG ကို အာဆီယံ စီးပွားရေးအသိုက်အဝန်း +၃ Asean Economic Community +3 မဟာဗျူဟာအရ ကြီးထွား တိုးတက်အောင်လုပ်ဆောင် မည်ဖြစ်သည်။ +၃ သည် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား ၃ နိုင်ငံကို ရည်ညွှန်းသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် KBank China သည် ပေကျင်းမြို့တော်တွင် ဘဏ်ခွဲအသစ်ဖွင့်လှစ်ခဲ့သည်။ ၎င်းသည် တရုတ်နိုင်ငံတွင် KBznk ၏ ပဥ္စမမြောက်ရုံးခွဲ ဖြစ်သည်။

ဗီယက်နမ်တွင် KBank ၏ mobile banking app ဖြစ်သည့် K-Plus သုံးစွဲသူ ၁ ဒသမ ၃ သန်း ရှိသည်။ လူဦးရေ သန်း ၂၇၀ ရှိသော အင်ဒိုနီးရှားသည် အရှေ့တောင်အာရှတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သည့်အားလျော်စွာ အလားအလာမြင့်မား သည့် ဈေးကွက်ဖြစ်သဖြင့် KBank သည် ၎င်း၏ လုပ်ငန်းများကို မြှင့်တင်ရန် စိတ်အားထက်သန်နေကြောင်း ၎င်းက ပြောကြား သည်။ KBank သည် ဒေသခံဘဏ်လုပ်ငန်းကိုဝယ်ယူပြီး ပေါင်းစည်းခြင်းဖြင့်လည်း လုပ်ငန်းကြီးထွားအောင် လုပ်ဆောင် သည်။

၂၀၂၂ ခုနှစ် နှစ်ကုန်တွင် အင်ဒိုနီးရှား ဘဏ်လုပ်ငန်း Bank Maspion တွင် KBank က ရှယ်ယာပိုင်ဆိုင်မှု စုစုပေါင်းကို ၆၄ ဒသမ ၅၅ ရာခိုင်နှုန်းသို့တိုးမြှင့်ခဲ့ပြီး Bank Maspion ကို ထိန်းချုပ်သည့် ရှယ်ယာပိုင်ဆိုင်သူ ဖြစ်လာသည်။

KBank သည် ၂၀၂၇ ခုနှစ် နောက်ဆုံးထားပြီး Bank Maspion ကို အင်ဒိုနီးရှားနိုင်ငံ၏ ချေးငွေဘဏ် ထိပ်တန်း(၂၀) စာရင်းဝင်အဖြစ်သို့ရောက်ဖို့ရည်မှန်းထားသည်ဟု Ms Kattiya က ပြောကြားသည်။

ဒစ်ဂျစ်တယ်ပလက်ဖောင်းအတွက် KBank သည် နယ်စပ်ဖြတ်ကျော်ငွေကြေးအမျိုးမျိုးဖြင့် ပေးချေခြင်း၊ နယ်စပ် ဖြတ်ကျော် ဘတ်ငွေတိုက်ရိုက်ပေးချေခြင်းနှင့် နယ်စပ်ဖြတ်ကျော် လက်လီငွေပေးချေမှုများကို ဝန်ဆောင်မှုများ ပေးအပ်သည်။

K PLUS ဖြင့် မြန်မာနိုင်ငံမှ KBZPay သို့ ထိုင်းမှ ငွေပေးပို့သည့် ဝန်ဆောင်မှု အပါအဝင် KBank သည် နိုင်ငံပေါင်း ၁၄ နိုင်ငံ မှ ဘဏ် ၈၀ ခု နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ Source bangkokpost

Source: https://www.industrialdirectory.com.mm/article/-kbank-vietnam-indonesia-kbzpay.html

## ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာ တင်ပို့မှုသည် ဆွစ်ဇာလန်ဈေးကွက်တွင် အလားအလာကောင်းများရှိ

ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် ဆွစ်ဇာလန်သို့ ပင်လယ်စာတင်ပို့မှု အလားအလာကောင်းများကို အသုံးချ ရန် ပိုမိုကြိုးပမ်းသင့်ကြောင်း၊ ဆွစ်ဇာလန်နိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သောကြောင့် ၎င်း၏ပင်လယ်စာအားလုံးနီးပါးကို တင်သွင်းရကြောင်း ဆွစ်ဇာလန်နိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးမှ ကုန်သွယ်ရေးအကြံပေးဖြစ်သူ ငုယင်ဒွန်းက ပြောကြားခဲ့ သည်။

ဆွစ်ဇာလန်ဈေးကွက်တွင် နှစ်စဉ်ပင်လယ်စာတန်ချိန် ၇၅,၀၀၀ မှ ၈၀,၀၀၀ ခန့်ကို စားသုံးမှုရှိနေပြီးဖြစ်ကြောင်း၊ ဗီယက်နမ်သည် နော်ဝေ၊ ပြင်သစ်နှင့် နယ်သာလန်ပြီးလျှင် ဆွစ်ဇာလန်အတွက် စတုတ္ထမြောက် အကြီးဆုံး ပင်လယ်စာပို့ပိုးပေး နေသည့်နိုင်ငံဖြစ်ကြောင်း Thương က baochinhphu.vn သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ၏ ပင်လယ်စာထွက်ကုန်များ တင်သွင်းရန်အတွက် ယခုနှစ်တွင် ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးလာဖွယ်ရှိကြောင်း၊ စားသုံးမှုလမ်းကြောင်းသည် အော်ဂဲနစ်ထုတ်ကုန်များဆီသို့ တဖြည်းဖြည်းရွေ့လျား သွားကြောင်း ၎င်းကပြောကြားခဲ့သည်။

ထို့ကြောင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအနေဖြင့် ပင်လယ်စာထွက်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အော်ဂဲနစ်ထုတ်ကုန်များတင်ပို့ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် လိုအပ်သကဲ့သို့ လက်ရှိလုပ်ဖော် ကိုင်ဖက်များနှင့် ချိတ်ဆက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်းဖော်ပြပါရှိသည်။

ဗီယက်နမ်နိုင်ငံ ပင်လယ်စာ တင်ပို့ရောင်းချသူများအသင်း၏ အဆိုအရ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေးအတွက် ဆွစ်ဇာလန်နိုင်ငံ၏ မြင့်မားသောစံချိန်စံညွှန်းများ ကိုက်ညီစေရန် အရည်အသွေးမြင့်ထုတ်ကုန်များ ပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ ဆွစ်ဇာလန်တွင် ရောင်းချသည့် အစားအစာအားလုံးသည် ဥရောပနှင့် ဆွစ်ဇာလန်အစားအစာတံဆိပ်ကပ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရ မည်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံရှိ စားသုံးသူများသည် eco-တံဆိပ်များကို အလွန်စိတ်ဝင်စားကြကြောင်း၊ ထုတ်ကုန်သည် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီပါက အပိုပေးချေရန် ဆန္ဒရှိကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဆွစ်ဇာလန်နိုင်ငံသည် MSC (Marine Stewardship Council) စံနှုန်းကို အလွန်အလေးထားပြီး ကမ္ဘာပေါ်တွင် MSC တံဆိပ်တပ်ထားသော ပင်လယ်စာထုတ်ကုန် စားသုံးမှုအများဆုံးနိုင်ငံအဖြစ် နှစ်ပေါင်းများစွာရှိနေခဲ့ကြောင်း၊ MSC အသိအမှတ်ပြုလက်မှတ်ဖြင့် ပင်လယ်စာဝယ်လိုအားတိုးလာကြောင်း၊ ဆွစ်ဇာလန်တွင် ငါးဖြူ၊ ဆော်လမွန်နှင့် တူနာငါး များကိုရောင်းဝယ်ဖောက်ကားသည့် ကုမ္ပဏီများစွာတွင် အစားအစာဘေးကင်းရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး ၎င်းတို့၏ ပင်လယ်စာထုတ်ကုန်များတွင် MSC တံဆိပ်ကို အသုံးပြုထားကြောင်းသိရှိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၏ ကိုးလတာကာလအတွင်း ဗီယက်နမ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂ ရာခိုင်နှုန်းတိုးလာပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅ ဘီလီယံကျော်အထိ ရောက်ရှိ ခဲ့ကြောင်း၊ ဗီယက်နမ်ပို့ကုန်စုစုပေါင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂ ဘီလီယံရရှိပြီး တစ်နှစ်ထက် တစ်နှစ် ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။ Sources: Vietnam News, (စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_260120240405

## တောင်ကိုရီးယားနိုင်ငံ၏ ကော်ဖီတင်သွင်းမှုဆိုင်ရာအကောက်ခွန်နှုန်းထားနှင့် အကောက်ခွန်မဟုတ်သော စီမံ ဆောင်ရွက်မှုများ

ကော်ဖီအတွက် သတ်မှတ်ထားသော HS Code Chapter 09 အောက်ရှိ HS Code Sub- headings များ ဖြစ်ကြသည့် 0901.11၊ 0901.12၊ 0901.21၊ 0901.22၊ 0902.30၊ 0902.40၊ 0903.00 တို့ တင်သွင်းမှုအတွက် အကောက်ခွန်နှုန်းထားသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့အထိ သုညရာခိုင်နှုန်း (သုည ရာခိုင်နှုန်း) ဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့စွဲပါ သမ္မတအမိန့်ကြော်ငြာစာနံပါတ် ၃၃၁၇၉ ဖြင့် HS Code Subheadings များဖြစ်ကြသည့် 0901.11 (Coffee Not Roasted)၊ 0901.12 (Coffee, Decaffeinated) ကုန်စည်များအပေါ် အကောက်ခွန်နှုန်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သုည ရာခိုင်နှုန်းသာ ဆက်လက်ကောက်ခံရန် ထပ်မံထုတ်ပြန်ခဲ့သည်။ မူလကောက်ခံနှုန်းထားမှာ ၂ ရာခိုင်နှုန်း မှ ၈ ရာခိုင်နှုန်းအထိ ရှိသည်။ ဆက်လက်၍လည်း ဈေးနှုန်းတည်ငြိမ်စေရန်နှင့် ငွေကြေးဖောင်းပွမှုကိုလျှော့ချရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ ပထမ ၆ လအတွင်း ကော်ဖီစေ့အပါအဝင် စားသောက်ကုန် ၁၈ မျိုး တင်သွင်းမှုအပေါ် အခွန် သုည ရာခိုင်နှုန်းသာ ဆက်လက်ကောက်ခံသွားမည်ဟု စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကြေညာခဲ့သည်။ ဆက်လက်၍ အခွန်လျှော့ချမည် (သို့မဟုတ်) တိုးမြှင့်ကောက်ခံမည်ကို ၆ လပြည့်လျှင် ထပ်မံ ဆုံးဖြတ်မည်ဟု ကြေညာထားသည်။

သို့သော် HS Code Chapter 09 အောက်ရှိ Green Tea Leaf (HS Code Subheadings 0902.10၊ 0902.20) အတွက် အခြေခံသွင်းကုန်ခွန် (Base Rate) မှာ ၅၁၃ ဒသမ ၆ ရာခိုင်နှုန်းအထိ သတ်မှတ်ထားသည်။ ပြည်တွင်း Green Tea စိုက်ပျိုးထုတ်လုပ်သည့်အတွက် ယင်းသို့သတ်မှတ်ထား ခြင်းဖြစ်သည်။ FTA ထူထောင်ထားပြီးဖြစ်သည့် အမေရိကန်ပြည်ထောင်စုမှ တင်သွင်းသည့် Green Tea အတွက်ပင် ၂၀၂၂ ခုနှစ်တွင် ၁၃၆ ဒသမ ၉ ရာခိုင်နှုန်းအထိကောက်ခံခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၁၀၂ ဒသမ ၇ ရာခိုင်နှုန်းအထိ ကောက်ခံဆဲဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် စားသောက်ကုန်များအတွက် စည်းမျဉ်းပြဋ္ဌာန်းသည့် ဝန်ကြီးဌာနများမှာ စားနပ်ရိက္ခာနှင့် ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေးဝန်ကြီးဌာန (Ministry of Food & Drug Safety- MFDS)၊ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့်

ကျေးလက်ရေးရာဝန်ကြီးဌာန၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန (Ministry of Trade, Industry and Energy–MOTIE) နှင့် ဝန်ကြီးချုပ်ရုံး (Prime Minister's Office– PMO) တို့ ဖြစ်ကြသည်။

တောင်ကိုရီးယားနိုင်ငံသို့ တင်သွင်းလာသည့် ကော်ဖီအမျိုးမျိုးအပါအဝင်စားသောက်ကုန်များအတွက် အထက်ဖော်ပြပါ ဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ (Non–Tariff Measures– NTMs) ကို တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့၊ တင်သွင်းသူများ သိရှိလိုက်နာရမည်ဖြစ်သည်။

ကော်ဖီအပါအဝင်စားသောက်ကုန်များတင်သွင်းသူသည် MFDS ဝန်ကြီးထံသို့ သွင်းကုန်ကြေညာလွှာတင်ပြရမည်။ တစ်နည်းအားဖြင့်ဆိုရသော် automatic licensing (သွင်းကုန်တင်သွင်းမှုကို သိရှိစစ်ဆေးနိုင်ရန်စီမံခန့်ခွဲသည့် အလိုအလျောက် လိုင်စင်စနစ်) ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်သည်။

ကော်ဖီတင်သွင်းမည့်သူသည် MFDS Website မှတစ်ဆင့် မှတ်ပုံတင် (Registration) လျှောက်ထားရန်လည်း လိုအပ်မည်။ တစ်နည်းအားဖြင့်ဆိုရသော် အပင်ပိုးမွှားနှင့်ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးစိစစ်ရန်တင်သွင်းခွင့်ပေးသင့်၊ မပေးသင့် ဆုံးဖြတ်မည့် MFDS သို့ လျှောက်ထားရခြင်းဖြစ်သည်။ UNCTAD မှ သတ်မှတ်ထားသော NTMs များအနက် A15 ဟု ခေါ်သည့် အပင်ပိုးမွှားနှင့် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးအတွက် ပြဋ္ဌာန်းထားသည့် SPS Measure တစ်ခုဖြစ်သည်။

ကော်ဖီတင်ပို့သူများသည် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin) ရရှိအောင်လည်း ဆောင်ရွက်ထားရမည်။ အဆိုပါ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်ကို ၅ နှစ်ကြာ ထိန်းသိမ်းထားရှိရမည်။ တင်သွင်းမည့်ကုန်စည်ပေါ်တွင် (သို့မဟုတ်) ကုန်စည်ကိုထုပ်ပိုးထားသော ထုပ်ပိုးမှုအပေါ်တွင် ကုန်စည်နှင့် စပ်လျဉ်းသည့်အချက်အလက်များ အသေးစိတ်ရေးသားဖော်ပြခြင်း (Labeling) ဆောင်ရွက်ရမည်။ Label ရေးရာ တွင် ကိုရီးယားဘာသာစကားဖြင့် ရေးသားရမည်။ Label ကို ကွာကျမသွားစေရန်၊ အလွယ်တကူ ဖယ်ရှားမရစေ ရန် ခိုင်မြဲစွာကပ်ထားရမည်။ Label တွင် ကုန်စည်အမည် (Product Name)၊ ကုန်စည်အမျိုးအစား (Product Type)၊ ကုန်စည်၏ ပင်ရင်းဒေသ (Country of Origin)၊ ပါဝင်ပစ္စည်းများ (Ingredient Names and Content)၊ ထုတ်လုပ်သည့်ရက်စွဲ (Manufacture Date) စသည်တို့ကိုသာမက ဖြည့်စွက်ပစ္စည်းပါဝင်မှုနှင့် ဓာတ်မတည့်မှုများအခြေအနေသတိပေးမှုကိုပါ ထည့်သွင်းဖော်ပြရမည်။ ယင်းသို့ ပြည့်စုံစွာရေးထားခြင်း ရှိ/မရှိကို တင်သွင်းလာသည့် ကုန်စည်ရောက်ရှိချိန်တွင် စစ်ဆေးမည့်အပြင် ဈေးကွက်အတွင်း၌လည်း စစ်ဆေးခံရမည်ဖြစ်သည်။

ပထမဆုံးတင်သွင်းလာသည့် ကော်ဖီအပါအဝင်စားသောက်ကုန်နမူနာများကို ဓာတ်ခွဲခန်းတွင် စစ်ဆေးခံရ ပါမည်။ A82 (Testing Requirement) ဟုခေါ်သည့် SPS NTMs တစ်ခုဖြစ်ပါသည်။ ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးခံပြီးသည့် စားသောက်ကုန်ကို ဆက်လက်တင်သွင်းမည်ဆိုပါက စာရွက်စာတမ်းသာ စစ်ဆေးသွားမည်ဖြစ်ပြီး ချိုးဖောက်မှုတစ်စုံတစ်ရာရှိခဲ့ဖူးသည့် သမိုင်းကြောင်းရှိသည့် ကုန်စည်အမျိုးအစားဖြစ်ပါက နမူနာများကို အလျဉ်းသင့်သလို (Random) ကောက်ယူစစ်ဆေးခံရမည်ဖြစ်သည်။

စားသောက်ကုန်များတွင်ဖြည့်စွက်ပစ္စည်းများအတွက် Code (Food Additives Code) ကို MFDS ၏ website (https://mfds.go.kr/eng/index.do) တွင် လေ့လာနိုင်ပြီး ပါဝင်သည့်ကုန်ကြမ်းအမည်၊ သိပ္ပံ အခေါ်အဝေါ်များ၊ သတ်မှတ်ထားသည့်ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ 식품원료목록|식품안전나라 (foodsafetykorea.go.kr) တွင်လေ့လာနိုင်ပါသည်။ စားသောက်ကုန်များတွင် ပိုးသတ်ဆေးအကြွင်းအကျန်များအတွက် သတ်မှတ်စည်းမျဉ်းများကို foodsafety korea.go.kr/foodcode/index.jsp တွင်လေ့လာရန်လိုပါသည်။ (Website အသစ်တစ်ခုကို ထပ်မံဖွင့်လှစ်ထားပြီး အဆိုပါ Website အသစ်တွင် ကိုရီးယားဘာသာဖြင့်သာ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည့်အတွက် ကိုရီးယားနိုင်ငံဘက်မှပစ္စည်းတင်သွင်းမည့်သူနှင့် အနီးကပ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ကိုရီးယားဘာသာကို အင်္ဂလိပ်ဘာသာသို့ ပြောင်းပေးသည့် Applicationများ (ဥပမာ Papago) သုံး၍ လိုအပ်သည်များကို ညှိနှိုင်းကြိုတင်ပြင်ဆင်နိုင်သည်။)

တောင်ကိုရီးယားနိုင်ငံ ကော်ဖီဈေးကွက်အတွင်းဝင်ရောက်မှုမြှင့်တင်နိုင်ရန် တောင်ကိုရီးယားနိုင်ငံတွင်း ကျင်းပသော ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် မိမိနိုင်ငံ၏ ကော်ဖီထွက်ကုန်များကို လူသိများလာအောင် ဆောင်ရွက်နိုင်သည်။ ဆိုးလ်မြို့တွင် နှစ်စဉ်ကျင်းပနေသော Coffee Expo Seoul တွင် ပါဝင်ပြသခဲ့ကြသည့် ဂွာတီမာလာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘရာဇီးလ်နိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံတို့သည် တောင်ကိုရီးယားနိုင်ငံသို့ ကော်ဖီတင်ပို့မှုမြှင့်တင်နိုင်ခဲ့ကြသည်။ Coffee Expo Seoul အပြင် ကိုရီးယားနိုင်ငံ သွင်းကုန်တင်သွင်းသူများအသင်း (Korea Importers Association–KOIMA) က ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသည့် Korea Import Fair ၌လည်း မြန်မာနိုင်ငံမှ ကော်ဖီထွက်ကုန်များ ပါဝင်ပြသသင့်သည်။ အဆိုပါပြပွဲများသည် တောင်ကိုရီးယားနိုင်ငံမှ သွင်းကုန်တင်သွင်းသူများကို အဓိကထားကျင်းပသည့်ပွဲများဖြစ်၍ ဈေးကွက် ဝင်ရောက်မှုမြှင့်တင်နိုင်မည့်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့သူများအနေဖြင့် ကုန်စည်ပြပွဲ ပြခန်းခကုန်ကျစရိတ်များကို ကော်ဖီအသင်းမှ ဝေမျှကျခံပြီး မိမိနိုင်ငံထွက်ကုန် ကော်ဖီစေ့များ (Green Coffee နှင့် Roasted Beans) ကိုရီးယားဈေးကွက်တွင် ထိုးဖောက်နိုင်ရေးအတွက် ပြပွဲများတွင် မိမိနိုင်ငံ၏ကော်ဖီသောက်သုံးမှုအလေ့အထ၊ ယဉ်ကျေးမှု၊ ကော်ဖီဖျော်စပ်သည့်ပုံစံ၊ ကော်ဖီစိုက်ခင်းပုံများ၊ နိုင်ငံတကာမှ အရည်အသွေးအသိအမှတ်ပြု လက်မှတ်များကို ခင်းကျင်းပြသခြင်းနှင့် ကော်ဖီအရသာခံစားနိုင်အောင် ချက်ချင်း ကော်ဖီစေ့ကြိတ်၍ဖျော်ပြီး သောက်သုံးစေခြင်းစသည်တို့အတွက်သေချာပြင်ဆင်၍ ပွဲဝင်ယှဉ်ပြိုင်နိုင်မည်ဆိုပါက မြန်မာ့ကော်ဖီ အရသာနှင့် အရည်အသွေးကို ကမ္ဘာ့အလယ်တွင် ချပြနိုင်မည်ဖြစ်သည်။

ထို့ပြင် ဈေးကွက်ရရှိလာပါက ဈေးကွက်လိုအပ်ချက်ကို ပုံမှန်ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးထုတ်လုပ်မှု ပမာဏနှင့် အရည်အသွေးကို တစ်သမတ်တည်းထိန်းသိမ်းထားနိုင်ရေးသည် အရေးပါလှပါသည်။ အစိုးရ၏ ပို့ကုန်မြှင့်တင်နိုင်ရေးမူဝါဒ အထောက်အပံ့များသည်လည်း ပို့ကုန်မြှင့်တင်ရေးအတွက် အထူးအရေးပါလှသည်။

တောင်ကိုရီးယားနိုင်ငံသည် ကော်ဖီသောက်သုံးမှုမြင့်မားလာသည်နှင့်အမျှ ကော်ဖီတင်သွင်းမှုလည်း နှစ်စဉ်တိုးတက် လျက်ရှိသည့်အပြင် အစိုးရကလည်း တင်သွင်းမှုအတွက် အခွန်နှုန်းကို သုည ရာခိုင်နှုန်းအထိ လျှော့ချပေးထားပြီးဖြစ်သည်။ ဝင်ငွေမြင့်မားသည့်နိုင်ငံဖြစ်သည်နှင့်အမျှ ကျန်းမာရေးကို အထူးဦးစားပေးသည့် ကော်ဖီသောက်သုံးမှုဈေးကွက် တဖြည်းဖြည်း ကြီးမားလာသည်ကို သတိပြုရမည်ဖြစ်သည်။ ကဖင်းဓာတ်ထုတ်ထားသော ကော်ဖီစေ့ (Decaffeinated Coffee Bean) တင်သွင်းမှုမြင့်မားလာကာ သကြားများပြီး ကျန်းမာရေးကို အထောက်အကူမပြုနိုင်သည့် အသင့်ဖျော်ကော်ဖီမစ် သောက်သုံးမှု လျော့နည်းလာလျက်ရှိသဖြင့် တောင်ကိုရီးယားဈေးကွက်သို့ ကော်ဖီတင်ပို့လိုပါက အရည်အသွေးကောင်းမွန်သည့် ကော်ဖီစေ့ များကိုသာ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရန်လိုပါသည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံတွင် နှစ်စဉ် ကျင်းပလျက်ရှိသည့် Coffee Expo Seoul နှင့် Korea Import Fair တို့သို့ မြန်မာနိုင်ငံမှ ကော်ဖီနှင့်သက်ဆိုင်သည့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့များကို နှစ်စဉ်စေလွှတ်၍ ကော်ဖီတင်ပို့မှုမြှင့်တင်ရေး စီစဉ်ဆောင်ရွက်သင့်သည်။

ပို့ကုန်တင်ပို့မှုမြှင့်တင်ရန် ရည်ရွယ်သည့်ဈေးကွက်၏ ဈေးကွက်ဝင်ရောက်မှုဆိုင်ရာအချက်အလက်များကို သိရှိရန် အရေးပါသည့်အပြင် မိမိနိုင်ငံ၏ ပို့ကုန်တင်ပို့မှုဆိုင်ရာမူဝါဒများ၊ ကော်ဖီလုပ်ငန်းကဏ္ဍမှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ စိုက်ပျိုးထုတ်လုပ်သည့် ခြံပိုင်ရှင်များနှင့် ရောင်းဝယ်ဖောက်ကား သိုလှောင်သူများ၏ စိုက်ပျိုးသိုလှောင်မှုနှင့် ဆိုင်သည့် ဗဟုသုတနှင့် အသိပညာများမြှင့်တင်ပေးနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများသည်လည်း အရည်အသွေးမြင့်ကော်ဖီများ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အလွန်အရေးပါလှကြောင်း သိရှိရသည်။

Source: ဒေါ်ပပ၊ စီးပွားရေးသံမှူး(ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/naypyitaw_26012024_314

## တရုတ်နိုင်ငံ၏ ပဲပုပ်အထွက်နှုန်းသည် ၂၀၂၃ ခုနှစ်တွင် စံချိန်တင် မြင့်မားခဲ့

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပဲပုပ်အထွက်နှုန်းစံချိန်တင်ခဲ့ပြီး တန်ချိန် (၂၀ ဒသမ ၈၄) သန်းရှိကြောင်း စိုက်ပျိုးရေး နှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

ယခင်နှစ်တွင် တရုတ်နိုင်ငံ၏ ဆီထွက်သီးနှံစိုက်ပျိုးမှု တရုတ်မိုသန်း (၂၀၀) ကျော်ရှိသည့်အနက် ပဲပုပ်စိုက်ဧရိယာသည် တရုတ်မို (၁၅၇) သန်း (ဟက်တာ ၁၀ ဒသမ ၄၇ သန်းခန့်) ရှိခဲ့သည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Deng Xiaogang က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် လူဦးရေစုစုပေါင်း (၃၃ ဒသမ ၉၆၉) သန်းကို အလုပ်ခန့်ထားနိုင်ခဲ့ပြီး နှစ်စဉ် လျာထားချက် (၃ ဒသမ ၇၇၇) သန်းထက် ကျော်လွန်ခဲ့ကြောင်း၊ မျိုးစေ့လုပ်ငန်းပြန်လည်ရှင်သန်လာမှုသည် ရလဒ်ကောင်းများရရှိစေခဲ့ပြီး မျိုးစေ့ (၅၃၀,၀၀၀) ကျော်ကို စုဆောင်းထားသည်ဟု Deng ကပြောကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းထားပြီး စီးပွားရေးပြန်လည်ဦးမော့လာရေးနှင့် အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခိုင်မာသော အထောက်အပံ့များ ပေးအပ်ခဲ့သည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရှိရသည်။

အမျိုးသားစာရင်းအင်းဗျူရို၏ ကနဦးအချက်အလက်များအရ တရုတ်နိုင်ငံ၏ သီးနှံအထွက်နှုန်းသည် တစ်နှစ်ထက် တစ်နှစ် (၁ ဒသမ ၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် တန်ချိန် (၆၉၅ ဒသမ ၄၁) သန်း အထိ မြင့်တက်လာခဲ့ ကြောင်းနှင့် သီးနှံရိတ်သိမ်းမှုတန်ချိန် သန်း (၆၅၀) ကျော်ကို (၉) နှစ် ဆက်တိုက် မှတ်တမ်း တင်နိုင်ခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် သီးနှံအထွက်တိုးမှုနှင့် အရန်သိုလှောင်ထားခြင်းကြောင့် ၎င်း၏ သီးနှံလက်ကျန်နှင့် စားသုံးမှုအချိုးသည် နိုင်ငံတကာသီးနှံဖူလုံရေးသတ်မှတ်ချက်ထက် ပိုမိုကောင်းမွန်သည်ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူ Chen Bangxun က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

Source: https://english.news.cn/20240123/b0189b21ca104a448a5ad0915bf331ed/c.html,

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး)

Source: https://myantrade.gov.mm/article/Naypyitawstp_260120240230

## RCEP ၏ အရှိန်ဖြင့် တရုတ်-အာဆီယံ စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ပိုမိုနက်ရှိုင်းလာ

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အသက်ဝင်ခဲ့သော အာဆီယံဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကြောင့် တရုတ်-အာဆီယံစက်မှုကဏ္ဍပူးပေါင်း ဆောင်ရွက်ရေးသည် ပိုမိုနက်ရှိုင်းလာကာ ၂ နှစ်အတွင်း ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခဲ့ကြောင်း Economic Watch ၏ အယ်ဒီတာ့အာဘော်တွင် ဖော်ပြထားသည်။

အာဆီယံဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်စသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်ပြီး ကမ္ဘာ့လူဦးရေ၊ ကမ္ဘာ့ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ကမ္ဘာ့ကုန်သွယ်မှု၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်နေသောကြောင့် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်ဟု ခေါ်ဆိုနိုင်သည်။

တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာနအဆိုအရ ၂၀၂၃ ခုနှစ်အတွင်း တရုတ်သည် အာဆီယံအဖွဲ့၏ အကြီးဆုံးကုန်သွယ်ဘက်ဖြစ်ပြီး နှစ်ဖက်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၁၆ ဒသမ ၉ ဘီလီယံရရှိခဲ့ကာ ပြီးခဲ့သည့်နှစ်ကထက် သုည ဒသမ ၁ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့သည်။ အာဆီယံဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် စတင်အကောင်အထည် ဖော်သည့်အချိန်မှစ၍ မင်းဂွတ်၊ ဒူးရင်း၊ ၄က်ပျော၊ လိုဂန် (logans) လိုက်ချီး အပါအဝင် အာဆီယံဒေသထွက် သစ်သီးအမည်အသစ် ၈ မျိုးသည် တရုတ်သို့ တင်ပို့ခွင့်ရခဲ့သည်။

တရုတ်နိုင်ငံ၊ တောင်ပိုင်းရှိ တည်နေရာနှင့် သယ်ယူပို့ဆောင်ရေးအားသာချက်များရှိသည့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တရုတ်-အာဆီယံ စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဇုန်ကို ရှိရင်းစွဲဖွံ့ဖြိုးတိုးတက်ရေးဇုန်များ၊ မြို့တော်နန်နင်းနှင့်ချုံကျိုးမြို့ အပါအဝင် မြို့ပေါင်း ၇ မြို့ရှိ စက်မှုဇုန်များကို အခြေခံ၍ တည်ဆောက်ခဲ့သည်။ ချုံကျိုးမြို့အုပ်ချုပ်မှုစနစ်အောက်ရှိ နယ်စပ်မြို့လေးဖြစ်သည့် ပင်းရှီးမြို့သည် အရှေ့တောင်အာရှမှ ကုန်ကြမ်းများတင်သွင်း၍ လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများထုတ်လုပ်ကာ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား နှင့် အခြားအာဆီယံဒေသများသို့ ထုတ်ကုန်များတင်ပို့လျက်ရှိသည်။ ကွမ်ရှီးကျွမ့်စက်မှုဇုန်တွင် ယွမ်သန်း ၁၅၀ ခန့် ရင်းနှီးမြှုပ်နှံသူတစ်ဦးက ကွမ်ရှီးလုပ်ငန်းရှင်များ ကြီးမားသောဈေးကွက်အခွင့်အလမ်းများရရှိနေခြင်းမှာ တရုတ်နှင့် အာဆီယံ၏ စက်မှုလုပ်ငန်း ကွင်းဆက်တွင် အပြန်အလှန်အကျိုးပြုနေခြင်းကြောင့် ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

အာဆီယံနိုင်ငံအများအပြားသည် စက်မှုထွန်းကားရေးကို အရှိန်အဟုန်ဖြင့်လုပ်ဆောင်နေပြီး တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာ၊ ထုတ်ကုန်များနှင့်အရင်းအနှီးကို မျှော်လင့်ကြကြောင်း၊ တရုတ်-အာဆီယံ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု တိုးတက်လာသည်နှင့်အမျှ တရုတ်လုပ်ငန်းများသည် အာဆီယံဈေးကွက်တွင် ခြေကုပ်ယူနိုင်မည်ဖြစ်ကြောင်း ကွမ်ရှီးမာဇဒါ အုပ်စု ဥက္ကဋ္ဌ Huang Kanghua က ပြောကြားခဲ့သည်။ ပီကင်း တက္ကသိုလ်၊ နိုင်ငံတကာလေ့လာရေးပညာဌာနက ပါမောက္ခ Zhai Kun က ရပ်ဝန်းနှင့်လမ်းကြောင်း ကနဦးအစီအစဉ် (Belt and Road Initiative)၏ တိုးတက်မှုနှင့် RCEP ကို ကောင်းမွန်စွာအကောင်အထည်ဖော်ခြင်းဖြင့် တရုတ်နှင့် အာဆီယံအကြား စက်မှုလုပ်ငန်းကွင်းဆက်များ ပိုမိုပေါင်းစည်းသွားမည်ဖြစ်ပြီး နှစ်ဘက်အပြန်အလှန်အကျိုးပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည်ရှေ့သို့ခြေလှမ်းသစ်တစ်ရပ်တိုးလာမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ Source: english.news.cn, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_26012024_953

## ကမ္ဘောဒီးယား-အာဆီယံ စီးပွားရေး ထိပ်သီးအစည်းအဝေးကို မတ်လတွင် ကျင်းပမည်

ကမ္ဘောဒီးယားနိုင်ငံသည် မြို့တော်ဖနွမ်းပင်၌ အာဆီယံစီးပွားရေးလုပ်ငန်းများ၏ ခေါင်းဆောင်များပါဝင်မည့် ပထမဆုံးအကြိမ် ကမ္ဘောဒီးယား-အာဆီယံ စီးပွားရေး ထိပ်သီးအစည်းအဝေးကို ၂၀၂၄ခုနှစ် မတ်လတွင် ဒေသတွင်း ကုန်သွယ်မှုနှင့် ချိတ်ဆက်မှုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီလ ၅ ရက်နေ့က ကမ္ဘောဒီးယား ကုန်သည်ကြီးများအသင်း (Cambodia Chamber of Commerce– CCC) ၌ ပြုလုပ်ခဲ့သော ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် CCC ဥက္ကဋ္ဌ နှင့် အာဆီယံ စီးပွားရေးအကြံပေးကောင်စီ၏ ပူးတွဲဥက္ကဋ္ဌဖြစ်သူ Kith Meng မှ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး CCC အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တက်ရောက်ခဲ့သည်။

"အာဆီယံ၏အလားအလာများကိုဖွင့်လှစ်ခြင်း"ခေါင်းစဉ်ဖြင့်ကျင်းပမည့်အဆိုပါထိပ်သီးအစည်းအဝေးသည် နည်းပညာ၊ ရေရှည်တိုးတက်မှုနှင့် အားလုံးပါဝင်သည့်တိုးတက်မှုတို့ကို အလေးပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ် ဟွန်မာနက် ဦးဆောင်ကာ အာဆီယံနှင့် ကမ္ဘာ့နိုင်ငံများ၏ကဏ္ဍအသီးသီးမှ ဒါရိုက်တာများ၊ စွန့်ဦးတီထွင်သူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ကျွမ်းကျင်သူများ စုစုပေါင်း ၅၀၀ ခန့် ပါဝင်မည် ဖြစ်ကြောင်း CCC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိပ်သီးအစည်းအဝေးက မဏ္ဍိုင်လေးရပ်ကို အခြေခံထားပြီး မဏ္ဍိုင် (၁) အားလုံးပါဝင်နိုင်သော တိုးတက်မှုအတွက် အသုံးချ နည်းပညာကိုတွန်းအားပေးခြင်း၊ မဏ္ဍိုင်(၂)ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုပြောင်းလဲမှုကို အဆင့်မြှင့်တင်ခြင်း၊ မဏ္ဍိုင် (၃) အာဆီယံ အသိုက်အဝန်းတွင် ကမ္ဘောဒီးယားပါဝင်မှုကို ပိုမိုခိုင်မာစေခြင်းနှင့် မဏ္ဍိုင် (၄) နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

မဏ္ဍိုင်(၁)အောက်တွင် ဒစ်ဂျစ်တယ်သို့ကူးပြောင်းခြင်း၊ AI နှင့် အခြားနည်းပညာအသစ်များသည် စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို မည်သို့မြှင့်တင်နိုင်သည်၊ ဒစ်ဂျစ်တယ်ကွာဟမှုကို မည်သို့ပေါင်းကူး ပေးနိုင်သည်၊ အာဆီယံတစ်ဝှမ်းတွင် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မည်သို့ဖြစ်ပေါ်စေနိုင်သည် စသည်တို့ကိုရှာဖွေခြင်း၊ မဏ္ဍိုင်(၂) အောက်တွင် အစိမ်းရောင်စီးပွားရေး အလေ့အကျင့်များအတွက် မဟာဗျူဟာများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိအောင် တည်ဆောက်ခြင်း၊ အာဆီယံ၏ကတိကဝတ်များကို ရေရှည် တည်တံ့သော အနာဂတ်နှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်း၊ မဏ္ဍိုင် (၃)အောက်တွင် ကမ္ဘောဒီးယား၏ မဟာဗျူဟာမြောက် တည်ရှိမှုကြောင့် အာဆီယံဒေသတွင်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အချက်အချာနေရာဖြစ်နိုင်ခြေ ကြီးထွားလာမှုနှင့် အာဆီယံအတွင်း ပိုမိုပူးပေါင်း ဆောင်ရွက်ရေးကို မီးမောင်းထိုးဆွေးနွေးခြင်း၊ မဏ္ဍိုင်(၄)အောက်တွင် ဗဟုသုတများ မျှဝေခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများအကြားတွင် အာဆီယံ၏ စုပေါင်းစွမ်းအားကို ရှာဖွေရန် ဖက်စပ်များ တည်ထောင်ခြင်းတို့ကို ဆွေးနွေးသွားမည်ဖြစ်သည်။

CCC ဥက္ကဋ္ဌ Kith Meng က ယခု စီးပွားရေးလုပ်ငန်း ထိပ်သီးအစည်းအဝေးမှ ကမ္ဘောဒီးယား၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများကို လက်တွေ့သိရှိရမည်ဖြစ်ပြီး စုပေါင်းအနာဂတ်အတွက် ကမ္ဘောဒီးယားအစိုးရအနေဖြင့် အာဆီယံနှင့် ကမ္ဘောဒီးယားစီးပွားရေး လုပ်ငန်းများကို မည်သို့အထောက်အပံ့ ပေးထားသည်ကို ဝန်ကြီးချုပ်၏မိန့်ခွန်းမှတစ်ဆင့် သိရှိကြမည် ဖြစ်ကြောင်း၊ အစည်းအဝေးကို နှစ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Khmer Times သို့ ပြောကြားခဲ့သည်။

Source:https://www.khmertimeskh.com

Source:https://www.commerce.gov.mm/my/article/update-news-international-trade/

## ထိုင်းနိုင်ငံ၊ အကောက်ခွန်ဦးစီးဌာနက တင်သွင်းလာသောကုန်ပစ္စည်းများအားလုံးကို X-Ray ဖြတ်သန်းခြင်းဖြင့် စစ်ဆေးသွားရန်ရှိ

ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာစေရေးအတွက် X-ray စနစ်ဆိုင်ရာပစ္စည်းများကို အဆင့်မြှင့်တင်ခြင်းဖြင့် တင်သွင်းလာသော ကုန်စည်များအားလုံးကို စစ်ဆေးရန် အကောက်ခွန်ဦးစီးဌာနအား ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Julapun Amornvivat က ညွှန်ကြားလိုက်သည်။

ဝန်ကြီးဌာနအနေဖြင့် အကောက်ခွန်လုပ်ငန်းစဉ်များနှင့် ပင်လယ်ရေကြောင်းဖြင့် တင်ဆောင်လာသည့် ကုန်စည်များအတွက် X-ray ဖြင့် စစ်ဆေးသည့်စနစ်ကို အသုံးပြုသော ပုံမှန်တင်သွင်းသည့် လုပ်ငန်းစဉ်များ အားလုံးကို စောင့်ကြည့်လျက်ရှိပါကြောင်း၊ စစ်ဆေးသည့်စနစ်သည် အကောက်ခွန်ရှင်းလင်းရေးတွင် အရှိန်မြှင့်တင်ရန်၊ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်နှင့် ခိုးသွင်းနှင့် မလိုလားသောကုန်သေတ္တာများကို ထိထိရောက်ရောက် စစ်ဆေးရန်ရည်ရွယ်ပါကြောင်း၊ ဝန်ကြီးချုပ်က အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စေ မည့် နိုင်ငံပြတင်းတစ်ပေါက်စနစ် (National Single Window – NSW) ကို အရှိန်မြှင့်တင်စေလိုကြောင်း ဒုတိယ ဝန်ကြီးက ဆက်လက်ပြောကြားသည်။

NSW ပုံစံသည် တစ်ခုတည်းသောအွန်လိုင်းအချက်အလက် သိုမှီးရာနေရာဖြစ်သောကြောင့် သွင်းကုန် လိုင်စင်ထုတ်ပေးရာတွင် နိုင်ငံအဆင့်အဖွဲ့အစည်းအားလုံးအကြား ဒီဂျစ်တယ်ချိတ်ဆက်မှုဖြင့် ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ယင်းအပြင် ပုဂ္ဂလိကကဏ္ဍကယုံကြည်စွာဖြင့် အချက်အလက်များရယူနိုင်ပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရုံသာမက

ထောက်ပံ့ပို့ဆောင်ရေး ကုန်ကျစရိတ်များလည်း သက်သာစေကြောင်း၊ အချို့ကုန်စည်များ တင်သွင်းရာတွင် ခွင့်ပြုချက်ရရှိနိုင်ရေး အဖွဲ့အစည်းများစွာသို့ ချိတ်ဆက်ရသဖြင့် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်ကြောင်း ဖြည့်စွက်ပြောကြားသည်။

NSW စနစ်သည် သွင်းကုန်လိုင်စင်လိုအပ်သော ကုန်စည်အမျိုးအစား ၅,၈၇၃ ခုအတွက် အဆင်ပြေနိုင်ပြီး ကုန်စည်အမျိုးအစား ၅,၆၄၉ ခုအတွက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ တင်သွင်းကုန်ပစ္စည်းများအတွက် X-ray စနစ်မိတ်ဆက်ခြင်းသည် ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် လွယ်ကူသည့်အဆင့်ကို မြင့်တက်စေရန်ဖြစ်ကြောင်း၊ အကောက်ခွန်ရှင်းလင်းရေးကို အရှိန်မြှင့်တင်ရန် လန်ချာဘန်းဆိပ်ကမ်းတွင် “Drive Through X-ray” ကို အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ တင်သွင်းကုန်စည်များကို X-ray တွင် ဖြတ်သန်းစေခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိစွာနှင့် ပိုမိုမြန်ဆန်စွာ စစ်ဆေးနိုင်ပြီဖြစ်ကြောင်း၊ အွန်လိုင်းဈေးဝယ်မှုများ မြင့်တက်လာလျက်ရှိသဖြင့် လေကြောင်းဖြင့်သယ်ဆောင်လာသော ကုန်သေတ္တာများကို X-ray စနစ်ဖြင့် စစ်ဆေးနေပြီဖြစ်ကြောင်း သိရှိရသည်။

NSW စနစ်ကို အသုံးပြုခြင်းဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ ချိတ်ဆက်မှုပိုမိုအားကောင်းလာနိုင်ပြီး ကုန်ကျစရိတ်များလျှော့ချလာနိုင်မည်ဖြစ်ပြီး ပို့ကုန်/သွင်းကုန်လုပ်ငန်းစဉ်များကို ပိုမိုမြန်မြန်ဆန်ဆန် ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် X-ray စနစ်ကို အသုံးပြုခြင်းဖြင့် မှောင်ခိုကုန်ပစ္စည်းများ တင်သွင်းခြင်းကို ကာကွယ် နိုင်မည်ဖြစ်ပြီး အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့လာစေမည်ဖြစ်ကြောင်း သုံးသပ်ရသည်။ Source: www.bangkokpost.gov၊

(စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_260120241038

## ထိုင်းနိုင်ငံတွင် လျှပ်စစ်ကားအတွက် အရေးပါသည့် တန်ချိန် ၁၅ သန်းနီးပါးရှိ လစ်သီယမ် သတ္တုသိုက် တွေ့ရှိ

ထိုင်းနိုင်ငံသည် တန်ချိန် ၁၅ သန်းနီးပါးရှိ လစ်သီယမ်သတ္တုသိုက်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီလ ၁၉ ရက်တွင် ပြောကြားသည်။ လစ်သီယမ်သည် လျှပ်စစ်ကားအတွက် အရေးပါသည့် သတ္တုဖြစ်သဖြင့် ထိုင်းနိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော လျှပ်စစ်ကားထုတ်လုပ်ရေး ဒေသဆိုင်ရာအချက်အချာဖြစ်လာရန်အတွက် အထောက်အပံ့ဖြစ်လာမည်ဖြစ်သည်။

ယခုလို သတ္တုသိုက်ကြီးတွေ့ရှိခြင်းကြောင့် ထိုင်းနိုင်ငံသည် ဘိုလီးဗီးယားနှင့် အာဂျင်တီးနားတို့ပြီးလျှင် တတိယအကြီးဆုံး လစ်သီယမ်သတ္တုသိုက်ရှိသည့်နိုင်ငံဖြစ်လာသည်။ လီသီယမ်တန်ချိန် ၁၄ ဒသမ ၈ သန်းကို ထိုင်းနိုင်ငံ တောင်ပိုင်း ခရိုင် ဖန်ငပြည်နယ်ရှိ သီးခြားနေရာနှစ်ခုကြားတွင် ဖြန့်ကျက်ထားကြောင်း အစိုးရလက်ထောက်ပြောရေးဆိုခွင့်ရှိသူ Rudklao Intawong Suwankiri က ပြောကြားသည်။ “ကျွန်မတို့ ရှာဖွေတွေ့ရှိထားတဲ့ အရင်းအမြစ်တွေကနေ ဘယ်လောက်ထုတ်သုံးနိုင်မလဲဆိုတာကို စူးစမ်းနေပါတယ်။ အဖြေသိရဖို့အတွက် အချိန်တော့လိုတယ်” ဟု Rudklao က ပြောကြားသည်။

Lithium သည် လျှပ်စစ်ကားများတွင် အသုံးပြုသည့် ဘက်ထရီများ ထုတ်လုပ်ရာတွင် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး စမတ်ဖုန်းများနှင့် အခြားသော အီလက်ထရွန်းနစ်ပစ္စည်းများတွင်လည်း အသုံးပြုသည်။ “သတင်းကောင်းပါပဲ။ အီးဗီဘက်ထရီတွေထုတ်လုပ်ရာမှာ ထိုင်းနိုင်ငံအတွက် ကိုယ့်ကိုယ်ကိုယ် မှီခိုအားထားနိုင်စေရန် အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်” ဟု Rudklao က လစ်သီယမ်ရှာဖွေတွေ့ရှိမှုနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။ Source AFP

Source: https://www.industrialdirectory.com.mm/article/thailand-discovers-nearly-15-million-tonnes-of-lithium.html

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တီမောလက်စ်နိုင်ငံဝင်ရောက်ရေး အဖွဲ့ဝင်နိုင်ငံများထောက်ခံခဲ့

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တီမောလက်စ်နိုင်ငံဝင်ရောက်ရေး ညှိနှိုင်းနေသော စေ့စပ်ညှိနှိုင်းရေးမှူး များက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် တူညီဆန္ဒနှင့်ထောက်ခံခဲ့ကြပြီး ဝန်ကြီးများ၏ထောက်ခံမှုရရှိရန် အဖွဲ့ဝင်ဖြစ်မြောက်ရေး ကတိကဝတ်အတွဲ (Accession Package) ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ အဘူဒါဘီတွင် ကျင်းပမည့် (၁၃) ကြိမ်မြောက်ဝန်ကြီး အဆင့်ညီလာခံသို့ တင်ပြသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တရားဝင်ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဂျိုဟာနာဟေးလ်က ဖွံ့ဖြိုးမှုအနည်းဆုံး (LDC) နိုင်ငံများဖြစ်သည့် အာဖဂန်နစ္စတန်နှင့် လိုက်ဘေးရီးယားတို့ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များအဖြစ် ၂၀၁၆ ခုနှစ်တွင် လက်ခံပြီးနောက် ၇ နှစ်အကြာတွင် အာဖရိက LDC နိုင်ငံဖြစ်သည့် ကော်မိုရိုစ်နှင့်အာရှ LDC နိုင်ငံဖြစ်သည့် တီမောလက်စ်တို့အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အဖြစ် လက်ခံနိုင်ရန် အားထုတ်ခဲ့သည့် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေးလုပ်ငန်းအဖွဲ့ (Working Party

on Accession) ၏ အောင်မြင်မှုများကို အသိအမှတ်ပြုပါကြောင်း၊ နောက်ထပ်ဖွံ့ဖြိုးမှုအနည်းဆုံး (LDC) နှင့် အားနည်းပြီး ပဋိပက္ခများရှိသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံကလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ဝင်ရောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအချက်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပတ်သက်ဆက်နွယ်မှုနှင့် ဆွဲဆောင်မှုတို့ကို နိုင်ငံတကာအသိုင်းအဝန်းသို့ ပြသခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ (ကော်မိုရိုစ်သည် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် ညှိနှိုင်းမှုများကို ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့ပြီး တီမောလက်စ်သည် ညှိနှိုင်းမှုများကို ကပ်ရောဂါကာလ ၂၀၂၀ ပြည့်နှစ်မှ စတင်ခဲ့သည်။)

တီမောလက်စ်၏ နောက်ဆုံးညှိနှိုင်းမှုများတွင်ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့သည့် သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး မီဂလ်မာနက်တယ်လူက အဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမှုများကိုကျေးဇူးတင်ခဲ့ပြီး အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီးနောက်ပိုင်းတွင်လည်း အာဆီယံအဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေးကို တစ်ပြိုင်နက်တည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေးလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ပေါ်တူကီနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ရူရီမာဆီရေးဒါကလည်း ညှိနှိုင်းမှုများအတွင်း ပံ့ပိုးပေးခဲ့သည့် နည်းပညာနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေး အကူအညီများကို အသိအမှတ်ပြုခဲ့ပြီး အထွေထွေကောင်စီဥက္ကဋ္ဌဖြစ်သူ ဘော့ဆွာနာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် အသာလီယာမိုလိုကွမ်းက (၁၃) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံသို့ တင်ပြမည့် ကတိကဝတ်အတွဲလိုက်မှာ အဆင်သင့်ပြီဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

Source: www.wto.org

Source: https://www.commerce.gov.mm/my/article/update-news-international-trade/

## ဈေးနှုန်းသတိပေးချက်များ မဖြစ်မနေ ကပ်ရသည့်စည်းမျဉ်းဖြင့် ငွေကြေးဖောင်းပွမှုကိုလျှော့ချနိုင်ရန် ဟန်ဂေရီ ရည်မှန်း

စားသောက်ကုန်လက်လီဆိုင်ကြီးများသည် လာမည့်မတ်လမှစ၍ အဝယ်ကျသွားသော ကုန်စည်များ အပေါ်တွင် ဈေးနှုန်းသတိပေးချက်များကပ်ထားရန် ဟန်ဂေရီစီးပွားရေးရာဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် တနင်္လာနေ့က ထုတ်ပြန်ခဲ့သည်။

ဟန်ဂေရီ၏ ငွေကြေးဖောင်းပွမှုသည် ပြီးခဲ့သည့်နှစ် ပထမလေးလပတ်တွင် ၂၅ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးရောက်ရှိခဲ့ပြီး ဥရောပသမဂ္ဂအတွင်း အမြင့်မားဆုံးဖြစ်ကာ စားသုံးသူများ၏ ဝယ်ယူနိုင်မှုစွမ်းရည် (consumers' purchasing power)သည် ကျဆင်းလျှက်ရှိခြင်းကြောင့် နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာရန် အစိုးရမှကြိုးပမ်းလျက်ရှိကြောင်း၊ ဒီဇင်ဘာလအတွင်း လက်လီရောင်းချမှုသည် နိုဝင်ဘာလကထက်  သုည ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ကျဆင်းဆဲဖြစ်ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်။

ပြည်တွင်းအစိုးရနှင့် ဥရောပပါလီမန်တို့၏ ရွေးကောက်ပွဲများအတွင်း ဝန်ကြီးချုပ် Viktor Orban အစိုးရသည် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့ရန်ကြိုးပမ်းလျက်ရှိရာ ပထမဆုံးအကြိမ်လေးလပတ် စီးပွားရေးတိုးတက်မှုကို တတိယလေးလပတ်တွင် တွေ့ကြုံခဲ့ရသည်။

စီးပွားရေးရာဝန်ကြီးဌာနအဆိုအရ ပြီးခဲ့သည့်လများအတွင်း ကုန်စည်အချို့၏ ဈေးကွက်ကျုံ့သွားခဲ့သော်လည်း ဈေးမကျဘဲ ဈေးပင်မြင့်တက်ခဲ့ကြောင်း၊ ယင်းသို့မမှန်မကန်လုပ်ရပ်ကြောင့် စားသုံးသူများမှာ ပိုက်ဆံတန်ဖိုးထက်နည်းသော ပစ္စည်းသာရခဲ့ကြကြောင်း၊ ယခုပြဋ္ဌာန်းလိုက်သည့် စည်းမျဉ်းအသစ်ကြောင့် နှစ်စဉ် ငွေလည်ပတ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်းခန့်ရှိသော လက်လီဆိုင်ကြီးများအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ခုနှစ်၊ ဇူလိုင် ၁ ရက်အတွင်း ဈေးကွက်ကျုံ့သွားသော ကုန်စည်များအား လာမည့် ၂ လအတွင်း ဈေးနှုန်းသတိပေးချက်များ ကပ်ထားရတော့မည်ဖြစ်ကြောင်း၊ စားသောက်ကုန် ထုတ်လုပ်သူများ၊ တင်သွင်းသူများကလည်း ဈေးကွက်ချုံ့မည်ဆိုပါက လက်လီရောင်းချသူများထံ အသိပေးရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

နောက်ဆုံး လက်လီအရောင်းစာရင်းများအရ ဟန်ဂေရီတွင် စားသုံးမှုပြန်လည်တိုးတက်လာပြီ ဖြစ်ကြောင်းနှင့် ယခုအပြောင်းအလဲ ပိုမိုသိသာစေရန် စားသုံးသူယုံကြည်မှုလိုအပ်ကြောင်း စီးပွားရေးပညာရှင် တစ်ဦးက သုံးသပ်ထားမှုကို Business Express သတင်းဌာနတွင် ဖော်ပြထားသည်။

Source: https://business.express

Source:https://www.commerce.gov.mm/my/article/update-news-international-trade/

## စူးအက်တူးမြောင်းကို မဖြတ်သန်းပဲ ဂျုံတင်ပို့မှု ပိုမိုများပြားလာကြောင်းတွေ့ရှိ

ဂျုံစေ့၊ ဂျုံပြင်ဆိုင်ရာ အချက်အလက်များဖော်ပြသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဝက်ဘ်ဆိုက် (WTO Wheat Dashboard) အရ ပြီးခဲ့သည့်သီတင်း ၂ ပတ်အတွင်း လုံခြုံရေးစိုးရိမ်မှုများကြောင့် ဂျုံသယ်ယူ ပို့ဆောင်သော သင်္ဘောများသည် စူးအက်တူးမြောင်းကို ရှောင်ရှားခဲ့ကြောင်းနှင့် တူးမြောင်းကိုဖြတ်သန်းလျက် တင်ပို့မှုတွင် ယမန်နှစ်အလားတူကာလထက် ၄၀ ရာခိုင်နှုန်းကျဆင်းကာ မက်ထရစ်တန် သုည ဒသမ ၅ သန်းခန့် ရှိကြောင်း ဖော်ပြထားသည်။

ဥရောပသမဂ္ဂ၊ ရုရှားနှင့် ယူကရိန်းတို့မှ ထွက်ရှိသည့်ကောက်နှံများ၊ ဆီထွက်သီးနှံများ၊ ဆီထွက်သီးနှံ ထုတ်ကုန် မက်ထရစ်တန် ၇၆ သန်းခန့်ကို အာရှနှင့်အရှေ့အာဖရိကနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ကမ္ဘာ့ကုန်သွယ်မှု၏ ၁၇ ရာခိုင်နှုန်း ခန့်ရှိသည်။

ဥရောပသမဂ္ဂ၊ ရုရှားနှင့် ယူကရိန်းတို့က အာရှနှင့်အရှေ့အာဖရိကနိုင်ငံများသို့ စူးအက်တူးမြောင်းမှလွဲ၍ အခြား လမ်းကြောင်းများ အသုံးပြုတင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ မတိုင်မီက ၃ ရာခိုင်နှုန်း၊ ဒီဇင်ဘာလ အတွင်း ၈ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလဝက်အတွင်း ၄၂ ရာခိုင်နှုန်းထိ တိုးတက်ခဲ့သည်။ အခြား လမ်းကြောင်းများမှ ဂျုံတင်ပို့မှုပမာဏသည် ပြီးခဲ့သည့်နှစ်က မက်ထရစ်တန် ၅ သောင်းခန့်သာ ရှိခဲ့သော်လည်း ဒီဇင်ဘာလမှ ဇန်နဝါရီလလယ်အတွင်း ၃,၃၀,၀၀၀ မက်ထရစ်တန် ရှိခဲ့သည်။

ဒီဇင်ဘာလမှ ဇန်နဝါရီလလယ်အတွင်း ရုရှားနိုင်ငံမှ ဂျုံ မက်ထရစ်တန် ၁,၉၀,၀၀၀ ကို အခြားလမ်းကြောင်းများမှ တင်ပို့ခဲ့သော်လည်း ယူကရိန်းမှတင်ပို့မှုများမှာ စူးအက်တူးမြောင်းကိုသာ အသုံးပြုကြောင်း တွေ့ရှိရသည်။

အချက်အလက်အသစ်များအရ မကြာသေးမီကာလများက ပင်လယ်ရေကြောင်းမှတစ်ဆင့် ဂျုံတင်သွင်းမှုသည် ပြီးခဲ့သည့်နှစ်ကထက် အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ့ဂျုံကုန်သွယ်မှုသည် ကိုဗစ် ၁၉ ကပ်ရောဂါနှင့် လက်ရှိဖြစ်ပွားနေသော ပင်လယ်နက်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများအပါအဝင် ဈေးကွက်အနှောင့်အယှက်များရှိသော်လည်း ပင်လယ်ရေကြောင်း သင်္ဘောတင်ပို့မှုများကို သိသိသာသာ မထိခိုက်သေးသဖြင့် တည်ငြိမ်သေးသည်ဟုဆိုနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဖော်ပြထားသည်။ Source: www.wto.org, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_30012024_1037

## တောင်ကိုရီးယားနိုင်ငံသည် ဆန်ဖြင့်ပြုလုပ်သည့် စားသောက်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍ အရွယ်အစားကို နှစ်ဆမြှင့်တင်ခြင်းအား ၂၀၂၈ ခုနှစ် နောက်ဆုံးထား၍ ဆောင်ရွက်သွားမည်

တောင်ကိုရီးယားနိုင်ငံရှိ ဆန်ဖြင့်ပြုလုပ်သည့် စားသောက်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍ အရွယ်အစားကို နှစ်ဆမြှင့်တင်ခြင်းအား ၂၀၂၈ ခုနှစ် နောက်ဆုံးထား၍ ဆောင်ရွက်သွားမည်ဟု စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာ ဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါစီမံချက်အရ တောင်ကိုရီးယားနိုင်ငံသည် စားသောက်ကုန်များ တင်ပို့မှုကိုလည်း မြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ ဆန်ဖြင့်ပြုလုပ်သည့် စားသောက်ကုန်များ ထုတ်လုပ်သည့်ကဏ္ဍမှ ကြာရှည်ခံသည့် အသင့်စားချက်ပြီး ထမင်းဘူးများ၊ နေ့လယ်စာထမင်းဘူးများ၊ ဆန်ဖြင့်ပြုလုပ်သည့် ခေါက်ဆွဲများ၊ ဆန်အရက်များ စသည်တို့ကို ထုတ်လုပ်လျက်ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဆန်ဖြင့်ပြုလုပ်သည့်အစားအသောက်များ တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၂ သန်း ရရှိခဲ့ပါကြောင်း၊ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ အထိ ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ပြည်ပမှဂျုံမှုန့်တင်သွင်းနေရသည့်အတွက် ပြည်တွင်းရှိပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ Floury rice (ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုဌာနမှ ပြုပြင်ထုတ်လုပ်ထားသည့် ဆန်အမျိုးအစားကို ရေစိမ်သည့်အဆင့်မလိုဘဲ ဆန်စေ့အခြောက်အတိုင်း ကြိတ်၍ရရှိလာသော ဆန်မှုန့်)ဖြင့် စားသောက်ကုန်သစ်များထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ဂျုံမှုန့်တင်သွင်းမှုစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို Floury rice ဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနဝန်ကြီးမှ ပြောကြားခဲ့သည်။

ပြည်ပသို့ တင်ပို့မှုမြှင့်တင်ရန် ဆန်ထွက်ကုန်များတင်ပို့မှုကို ဦးဆောင်နိုင်မည့် ပို့ကုန်လုပ်ငန်းရှင် ၂၀၀ ဦး ကို မြေတောင်မြှောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပို့ကုန်တင်ပို့မှုမြှင့်တင်ရေးဆောင်ရွက်ရာတွင် ထင်ရှားကျော်ကြားသည့် K-pop အနုပညာရှင်များနှင့်အခမ်းအနားများကျင်းပ၍ ဈေးကွက်မြှင့်တင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့်ကျေးလက်ရေးရာဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ဆန်စားသုံးမှုမြင့်တင်ရန်နှင့်ကျန်းမာသော စားသောက်နေထိုင်မှုအလေ့အထကိုထိန်းသိမ်းရန် ရည်ရွယ်၍ ကောလိပ်ကျောင်းသားများအတွက် ဝမ် ၁,၀၀၀ တန် မနက်စာစီမံကိန်းကို အစိုးရကဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း အသင့်စားချက်ပြီး ထမင်းဖူးများကို ပြည်တွင်း၌ ရောင်းချရမှုဝင်ငွေသည် ဝမ်ငွေ ၉၃၅ ဒသမ ၆ ဘီလီယံရရှိခဲ့ရာ ပြည်တွင်းထုတ်လုပ်သည့် ဆန်ဖြင့်ပြုလုပ်သော စားသောက်ကုန်များရောင်းချရမှု စုစုပေါင်း၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါကြောင်းနှင့် ပြည်ပသို့ အဆိုပါ ထမင်းဘူးများ တင်ပို့ရောင်းချရမှု ဝင်ငွေသည်လည်း ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်း မြင့်မားလာပြီး အမေရိကန်ဒေါ်လာ ၇၅ သန်းရရှိခဲ့ပါကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

Source: https://www.koreatimes.co.kr/www/tech/2024/01/129_367431.html?utm_ source=taboola

(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_300120241010

## ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင် ၃ ရက်ကြာ ပြသသည့် ဂျပန်ကျိုတိုကုန်သွယ်မှုပြပွဲသို့ လာရောက် လည်ပတ်သူ ၂၀,၀၀၀ ကျော်ရှိရန်ခန့်မှန်း

ယူအေအီးနိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမ ၁၁ လအတွင်း ဂျပန်နိုင်ငံ၏ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဘီလီယံ တန်ဖိုးရှိ ကုန်စည်များကိုအရှေ့အလယ်ပိုင်းသို့ တင်ပို့သည့် ထိပ်တန်းနေရာတစ်ခုဖြစ်သည်။

ကျိုတိုဂျပန်အစိုးရနှင့် ဒူဘိုင်းအစိုးရတို့ ပူးပေါင်းကျင်းပသည့် ကျိုတိုကုန်သွယ်မှုပြပွဲကို ဒူဘိုင်းမြို့ရှိ စီးပွားရေးနှင့် ခရီးသွားလာရေးဌာန(DET)က ဒူဘိုင်းကမ္ဘာ့ကုန်သွယ်ရေးစင်တာတွင် ပြပွဲလာသည့်သည်များအတွက် တနင်္လာနေ့က ဖွင့်လှစ်ခဲ့သည်။ ပြပွဲကို သုံးရက်အတွင်း လာရောက်ကြည့်ရှုသူ ၂၀,၀၀၀ ကျော်ကို ဆွဲဆောင်နိုင်မည်ဟုခန့်မှန်းထားပြီး ပြပွဲကို Dubai Chambers ၏ ညွှန်ကြားရေးမှူးချုပ် Mohammed Ali Rashid Lootah နှင့်ကျိုတိုအစိုးရ၏ ဒုတိယအုပ်ချုပ်ရေးမှူး Akimasa Yamashita တို့က ဖွင့်လှစ်ပေးခဲ့သည်။ ခရီးသွားလုပ်ငန်းနှင့်ကူးသန်း ရောင်းဝယ်ရေးဈေးကွက်အတွက် Dubai Corporation ၏ အမှုဆောင်အရာရှိချုပ် Issam Kazim၊ Sheikh Manaa bin Hashir Al Maktoumနှင့် ပြပွဲကို စီစဉ်သည့် Maico Enterprise Inc.၏ အမှုဆောင်အရာရှိချုပ် Mai Sakaue၊ နှစ်နိုင်ငံမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ အများအပြားတို့ တက်ရောက်ခဲ့ကြသည်။

Lootah က ပြောကြားရာတွင် Japan Kyoto Trade Exhibition သည် ဒူဘိုင်းနှင့် ဂျပန်ရှိ စီးပွားရေးနယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာစေရန်အတွက် စံပြလမ်းကြောင်းတစ်ခုဖြစ်ပြီး ဒူဘိုင်းကုန်သည်များသည် ဂျပန်ရင်းနှီးမြှုပ်နှံမှုများကို ယူအေအီးသို့ဆွဲဆောင်ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းရေးကို အလေးထားကြောင်းနှင့် ဒူဘိုင်းကုန်သည်ကြီးများအသင်းတွင် မှတ်ပုံတင်ထားသော ဂျပန်ကုမ္ပဏီများမှာ ၂၀၂၃ ခုနှစ်တစ်ခုတည်းတွင် ဂျပန်ကုမ္ပဏီအသစ် ၁၁၉ ခုကို ထပ်မံပေါင်းထည့်ခဲ့ပြီး နှစ်ကုန်တွင်စုစုပေါင်း အရေအတွက် ၃၁၀ သို့ ရောက်ရှိသွားကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ပြပွဲတွင်ပါဝင်သည့်ကဏ္ဍများမှာ ဂျပန်အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် အမှတ်တံဆိပ်များ၊ နည်းပညာ၊ မော်တော်ယာဉ်၊ ကာတွန်း၊ ဗီဒီယို၊ ဂိမ်းများ၊ အစားအသောက်နှင့် အဖျော်ယမကာများအပါအဝင် အမျိုးမျိုးသောစီးပွားရေးလုပ်ငန်းကဏ္ဍများမှ ဖြစ်သည်။

Japan Kyoto Trade Exhibition သည် အရှေ့အလယ်ပိုင်းဒေသတွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပြီး ဂျပန်စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့၏ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများကို ပြသသည့်ပြပွဲတစ်ရပ်တစ်ခုဖြစ်ကာ ယူအေအီးအခြေစိုက်စီးပွားရေးအဖွဲ့အစည်းများအား စူးစမ်းရှာဖွေရန် နည်းလမ်းအသစ်များဖြင့် စုစည်းတင်ဆက် ပေးခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူများက ပြောကြားခဲ့သည်။

ကျိုတိုမြို့သည် ဂျပန်နိုင်ငံရှိသမိုင်းဝင်မြို့တစ်မြို့ဖြစ်ပြီး ဂျပန်ယဉ်ကျေးမှု၏ဗဟိုချက်အဖြစ် တည်ရှိသည်။ ရာစုနှစ်များတစ်လျှောက် ကျိုတိုသည် အထည်အလိပ်နှင့် ကြွေထည်များကဲ့သို့သော ရိုးရာလက်မှုပညာများအပြင် ဂျပန်အစားအစာနှင့် မတ်ချာလက်ဖက်ရည်ကဲ့သို့သောရိုးရာအစားအစာများ၊ ikebana(ပန်းခင်းကျင်းခြင်း)နှင့်လက်ဖက်ရည်ပွဲကဲ့သို့သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အတူ ရှင်သန်ပျိုးထောင်လာခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။

ထို့ပြင်၊ ကျိုတိုမြို့သည် semiconductors၊ decarbonisation နည်းပညာများနှင့် ရုပ်ရှင်များ၊ ကာတွန်းနှင့် ဂိမ်းများကဲ့သို့သောနယ်ပယ်များတွင် ဦးဆောင်ကုမ္ပဏီများနှင့်အတူ နယ်ပယ်ပေါင်းစုံမှ ထိပ်တန်းကုမ္ပဏီများနှင့်အတူ ခေတ်မီစက်မှုလုပ်ငန်းအမျိုးမျိုးတို့ တည်ရှိရာနေရာလည်းဖြစ်သည်။ စိစစ်သန့်စင်ထားသော ရိုးရာနည်းပညာများနှင့် ကျိုတို၏ ခေတ်မီဆန်းပြားသော ယဉ်ကျေးမှုအမွေအနှစ်များသည် နယ်ပယ်အသီးသီးတွင် လုပ်ကိုင်နေသောကုမ္ပဏီများ၏ ကမ္ဘာလုံးဆိုင်ရာအောင်မြင်မှုကို အထောက်အကူဖြစ်စေကြောင်း ဖော်ပြထားသည်။

ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့၏ မကြာသေးမီကထုတ်ပြန်ထားသော စာရင်းဇယားများအရ ယူအေအီးနိုင်ငံသည် ဂျပန်နိုင်ငံ၏ပို့ကုန်များအတွက် အရှေ့အလယ်ပိုင်းဒေသတွင် ထိပ်တန်းနိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိကာလအတွင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈ ဘီလီယံ တန်ဖိုးရှိကာ နှစ်နိုင်ငံဆက်ဆံရေးကို ကောင်းမွန်သောအဆင့်သို့ ရောက်ရှိစေရန် ပို့ဆောင်ပေးခဲ့ကြောင်းကို အဆိုပါသတင်းဌာနမှ ဖော်ပြထားသည်။

ဂျပန်မှ ယူအေအီးနိုင်ငံသို့ တင်ပို့မှုသည် ထိုကာလအတွင်း ဂျပန်၏စုစုပေါင်းတင်ပို့မှု၏ ၃၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံခန့်ရှိသည်။ Mai Sakaue က ဂျပန်ကို ကိုယ်စားပြုသည့် ဤပြပထမဆုံးသော B2B ညှိနှိုင်းမှုပွဲအတွက် လေးစားရသည့် မိတ်ဖက်များနှင့် ပေါင်းစည်းရခြင်းအား ဝမ်းမြောက်ကြောင်း၊ ပြပွဲသည် ကမ္ဘာလုံးဆိုင်ရာစင်မြင့်ပေါ်တွင် ဂျပန်နိုင်ငံ၏ တက်ကြွစွာ ထိတွေ့ဆက်ဆံမှုကို ကိုယ်စားပြုပြီး အသီးအပွင့်များသော လုပ်ငန်းအစပျိုးမှုများကို ဖော်ဆောင်ပေးသည့် ဒူဘိုင်းတွင် အောင်မြင်သော မိတ်ဆက်မှုများကို ၎င်းတို့မှ မျှော်လင့်ပါကြောင်း၊ ဒူဘိုင်းသည် ၎င်းတို့၏ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအတွက် အကောင်းဆုံး launchpad တစ်ခုဖြစ်ပြီး Japan Kyoto Trade Exhibition သည် ကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်ရန်၊ စီးပွားရေးတိုးတက်မှုကို လှုံ့ဆော်ရန်နှင့် အရှေ့အလယ်ပိုင်း တွင် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရန် ကတိကဝတ်ကို သက်သေအဖြစ် ရပ်တည်နေပါကြောင်း ပြောကြားခဲ့သည်။

Source: khaeejtimes.com, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-30012023-15:14

## ရော်ဘာထုတ်ကုန်များတင်သွင်းမှုအပေါ် သွင်းကုန်ခွန်များပြင်ဆင်ဖြေလျှော့ပေးရန် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာလုပ်ငန်းရှင်များအသင်း (AIRIA) မှ တောင်းဆို

အိန္ဒိယအစိုးရအနေဖြင့် ရော်ဘာထုတ်ကုန်များတင်သွင်းမှုအပေါ် သတ်မှတ်ထားရှိသည့် အကောက်ခွန်ဆိုင်ရာ မူဘောင်များကို ပြင်ဆင်ဖြေလျှော့ပေးရန် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာလုပ်ငန်းရှင်များအသင်း (All India Rubber Industries Association-AIRIA) မှ တောင်းဆိုခဲ့သည်။

အဆိုပါအသင်းတွင် အငယ်စားနှင့် အသေးစားရော်ဘာလုပ်ငန်းပေါင်း ၁၄၀၀ ကျော်ပါဝင်ပြီး၊ အိန္ဒိယအစိုးရအနေဖြင့် ရော်ဘာကုန်ချောပစ္စည်းများတင်သွင်းမှုအပေါ် အကောက်ခွန်များတိုးမြှင့်ကောက်ခံသွားရန် တောင်းဆိုလျက်ရှိသည်။ လက်ရှိတွင် ရော်ဘာကုန်ချောများတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံပြီး သဘာဝရော်ဘာ (Natural rubber) တင်သွင်းမှုအပေါ် တစ်ကီလိုဂရမ်လျှင် ရူပီး ၃၀ ကောက်ခံ လျက်ရှိရာ၊ ကုန်ချောပေါ် စည်းကြပ်သည့်အခွန်က ကုန်ကြမ်းအပေါ် စည်းကြပ်သည့်အခွန်ထက် ၂၅ ရာခိုင်နှုန်းခန့် သက်သာလျက်ရှိသည်။ ယင်းအပေါ် အစိုးရ၏ အကောက်ခွန်ကောက်ခံသည့်ပုံစံ များယွင်းလျက်ရှိသည်ဟု AIRIA ဥက္ကဋ္ဌ Shashi Singh က ပြောကြားခဲ့သည်။

အဆိုပါအစိုးရ၏သွင်းကုန်ခွန်ကောက်ခံသည့်ပုံစံသည် ပြည်တွင်းရော်ဘာထုတ်လုပ်မှုကို အားပေးရမည့်အစား ပြည်ပမှ ရော်ဘာကုန်ချောများကို ပိုမိုတင်သွင်းရန် မက်လုံးပေးဆွဲဆောင်သကဲ့သို့ရှိသည့်အတွက် အိန္ဒိယမှ ရော်ဘာထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းကျဆင်းစေကြောင်း ၎င်းက အလေးအနက်ပြောကြားခဲ့သည်။

Singh က အိန္ဒိယနိုင်ငံ၏ ရော်ဘာကဏ္ဍသည် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် Atma Nirbhar Bharat (မိမိနိုင်ငံအပေါ်သာ မှီခိုမှုပြုခြင်း) မျှော်မှန်းချက်ကို ပြည့်မီရန် အလားအလာကောင်းများရှိသည့် အကြောင်းဖော်ပြလျက် နိုင်ငံအနေဖြင့် ရော်ဘာထုတ်ကုန်မျိုးစုံကို ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ထောက်ပြပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာထုတ်လုပ်မှုသည် ဝယ်လိုအားနှင့်ရောင်းလိုအားမမျှဘဲ နိုင်ငံအနေဖြင့် သဘာဝရော်ဘာကို တန်ချိန် ၈ ဒသမ ၅ သိန်းသာထုတ်လုပ်နိုင်ပြီး၊ ဈေးကွက်ဝယ်လိုအားမှာ ၁၃ ဒသမ ၅ သိန်းရှိသည့်အတွက် လိုအပ်သည့်တန်ချိန် ၅ သိန်းခန့်ကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည်ဟုဆိုသည်။ ယင်းသို့ ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့်အတွက် ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ စက်မှုထုတ်ကုန်များ ဈေးနှုန်းမြင့်တက်လာဖွယ်ရှိကြောင်း ခန့်မှန်းလျက်ရှိသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဈေးကွက်၌ RSS4(ribbed smoked sheet) ရော်ဘာ၏ ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ရူပီး ၁၆၃ ရှိပြီး၊ ထိုင်းနိုင်ငံတွင် RSS3 ရော်ဘာ၏ ဈေးနှုန်းသည် တစ်ကီလို ဂရမ်လျှင် ရူပီး ၁၇၁ ဒသမ ၉၉ ရှိကြောင်း သိရသည်။

ထို့ပြင် EPDM၊ ဆီလီကွန်(silicon)နှင့် polychloroprene စသည့် ရေနံဓာတုဒြပ်ပေါင်းများမှ ထုတ်လုပ်သော ရော်ဘာအမျိုးအစား(Synthetic Rubber)များကိုလည်း ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပြည်ပမှသာ တင်သွင်းနေရသည်ဟု Singh က ပြောကြားခဲ့သည်။ အကယ်၍ အစိုးရအနေဖြင့် အဆိုပါထုတ်ကုန် များအပေါ် စည်းကြပ်သည့်သွင်းကုန်ခွန်များကို

လျှော့ချသတ်မှတ်ပေးမည်ဆိုပါက အိန္ဒိယရော်ဘာထုတ်ကုန် ထုတ်လုပ်သူများအား ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်လာစေမည်ဟု ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

AIRIA အနေဖြင့် ရော်ဘာသွင်းကုန်များအပေါ် သတ်မှတ်ကောက်ခံသည့် အကောက်ခွန်နှုန်းထားများနှင့် ပတ်သက်၍ အစိုးရထံ တိုက်တွန်းပြောကြားလျက်ရှိရုံသာမက အိန္ဒိယရော်ဘာကဏ္ဍအား ပြည်တွင်း၊ ပြည်ပ နှစ်ရပ်စလုံး၌ မြှင့်တင်ပေးလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ အသင်းအနေဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့တွင် ၂၀၂၄ ခုနှစ် အိန္ဒိယရော်ဘာကုန်စည်ပြပွဲ(India Rubber Expo 2024) ကို ကျင်းပပြုလုပ်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါကုန်စည်ပြပွဲနှင့်အတူ ဟောပြောပွဲများ၊ ရောင်းသူ၊ ဝယ်သူတစ်ဦးချင်းတွေ့ဆုံခြင်း အစီအစဉ်များကိုလည်း ထည့်သွင်းစီစဉ်လျက်ရှိကြောင်း သိရသည်။

AIRIA အနေဖြင့် ထုတ်လုပ်မှုနှင့်ချိတ်ဆက်သော မက်လုံးပေးအစီအစဉ်(Production Linked Incentive-PLI scheme)တွင် အသင်းဝင်ကုမ္ပဏီကြီးများပါဝင်နိုင်ရန် ဆောင်ရွက်လျက်ရှိသလို အသေးစားနှင့်အလယ်အလတ်စား လုပ်ငန်းငယ်များကိုလည်း အစုအဖွဲ့များစုဖွဲ့၍ မြှင့်တင်မှုများဆောင်ရွက်ပေးနိုင်ရန် အစိုးရအား တိုက်တွန်းပြောကြားလျက်ရှိသည်။ ထို့ပြင် အသင်းအနေဖြင့် အိန္ဒိယနိုင်ငံစံချိန်စံညွှန်းများဆိုင်ရာဗျူရို(Bureau of Indian Standards norms)နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန်လည်း ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် သဘာဝရော်ဘာကို ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပြည်ပမှ နှစ်စဉ်တန်ချိန် ၅ သိန်းခန့် တင်သွင်းနေရသည်။ အိန္ဒိယအစိုးရအနေဖြင့် သဘာဝရော်ဘာအပေါ် ကောက်ခံသည့်သွင်းကုန်ခွန်များကို လျှော့ချရန်နှင့် ရော်ဘာကုန်ချောတင်သွင်းမှုအပေါ် သွင်းကုန်ခွန် တိုးမြှင့်ကောက်ခံရန် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာလုပ်ငန်းရှင်များအသင်း (All India Rubber Industries Association-AIRIA)မှ တောင်းဆိုလျက်ရှိသည်ကို တွေ့ရှိရသည်။ အကယ်၍ အိန္ဒိယအစိုးရအနေဖြင့် ယင်းသို့ ဖြေလျှော့မှုများပြုလုပ်ခဲ့မည်ဆိုပါက မြန်မာ့သဘာဝရော်ဘာကို အိန္ဒိယနိုင်ငံဈေးကွက်သို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ သို့သော် ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှ သွင်းကုန်များနှင့်မူ အရည်အသွေးနှင့် ဈေးနှုန်းယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

မြန်မာ့ရော်ဘာလုပ်ငန်းရှင်များအနေဖြင့် ၂၀၂၄ ခုနှစ် အိန္ဒိယရော်ဘာကုန်စည်ပြပွဲ(India Rubber Expo 2024) ကဲ့သို့ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများသို့ အလျဉ်းသင့်သလို ပါဝင်ပြသသင့်ပြီး၊ အနည်းဆုံး လာရောက်လေ့လာသူ (Visitor) အနေဖြင့် လာရောက်လေ့လာ၍ ဈေးကွက်ရှာဖွေသင့်ကြောင်း သိရသည်။

ရည်ညွှန်းချက်။ The Times of India သတင်းဌာန၊ “AIRIA urges Centre to change imported duty structure for rubber goods”၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်။, (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-30012024-13:51

## ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံကျော်ဖြင့် ယူအေအီးနိုင်ငံကို အဓိကကုန်သွယ်ဖက်အဖြစ် ဟောင်ကောင်မှ အသိအမှတ်ပြု

အာရပ်စော်ဘွားများပြည်ထောင်စုသည် အရှေ့အလယ်ပိုင်းဒေသတွင် ဟောင်ကောင်အတွက် အဓိကကုန်သွယ်ဖက်အဖြစ် ၎င်း၏ရပ်တည်ချက်ကို ခိုင်မာစေခဲ့ကြောင်း ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ(HKTDC) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ Patrick Lau က ပြောကြားခဲ့သည်။

ဟောင်ကောင်သန်းခေါင်စာရင်းနှင့်စာရင်းအင်းဌာနမှ အချက်အလက်များကိုကိုးကား၍ ၂၀၂၀ ခုနှစ်တွင် ရေနံမဟုတ်သော နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် ၁၆ ဒသမ ၂၃ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း ဟောင်ကောင်တွင် ကျင်းပနေသော အာရှဘဏ္ဍာရေးဖိုရမ်တွင် Dr Lau မှ အလေးထား ပြောကြားခဲ့သည်။

ရေနံမဟုတ်သောနိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ပြီးခဲ့သောနှစ်က ယူအေအီးနိုင်ငံနှင့် ဟောင်ကောင်အကြား တိုးတက်လာခဲ့ပြီး ၂၀၂၃ ခုနှစ် ပထမ ၁၁ လတွင် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးသည် ထူးခြားလျက်ရှိပြီး လာမည့်ကာလတွင် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအသီးသီးတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် မျှော်လင့်ထားကြောင်း Dr Lau က ပြောကြားခဲ့သည်။

အာရှဘဏ္ဍာရေးဖိုရမ်တွင် ယူအေအီးကိုယ်စားလှယ်အဖွဲ့များ၏ အများအပြားရောက်ရှိနေခြင်းကို ၎င်းက မီးမောင်းထိုးပြပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှာဖွေရန်စုပေါင်းကြိုးပမ်းမှုဖြင့် ဦးတည်နေ

ကြောင်း ယူအေအီးရင်းနှီးမြှုပ်နှံသူများသည် ဟောင်ကောင်တွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအစုစုကို ကွဲပြားစေရန် စိတ်အား ထက်သန်လျက်ရှိကြကြောင်း Dr Lau က ထောက်ပြသွားခဲ့သည်။

ဟောင်ကောင်သည် ကမ္ဘာတစ်ဝှမ်းတွင် ရုံးခွဲပေါင်း ၅ဝ ခန့်ဖြင့် အာရှ၏အရေးပါသော စီးပွားရေး အချက်အချာနေရာ တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဟောင်ကောင်မှ ပေးအပ်သည့် အခွင့်အလမ်းများဖြင့် ရင်းနှီးမြှုပ်နှံကြစေရန်နှင့် စီးပွားရေး လုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံသူများအတွက် လွယ်ကူချောမွေ့စေမည် ဖြစ်ကြောင်း ၎င်းကရှင်းလင်းပြောကြားခဲ့သည်။

ဟောင်ကောင်ကုမ္ပဏီများသည် အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်နည်းပညာ၊ ဘဏ္ဍာရေးနည်းပညာ (Fintech)၊ ကျန်းမာရေးနည်းပညာနှင့် ဇီဝကျန်းမာရေးအပါအဝင် ယူအေအီးနိုင်ငံ၏ အရေးကြီးသော ကဏ္ဍများတွင် ရင်းနှီး မြှုပ်နှံရန် စိတ်အားထက်သန်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

**ဆက်စပ်တင်ပြချက်**

ယူအေအီးနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၏ အကြီးဆုံးကုန်သွယ်ဖက် နိုင်ငံတစ်ခုဖြစ်ပြီး ယူအေအီးနိုင်ငံမှ ဟောင်ကောင်တွင် ၂၀၀၀ ခုနှစ်မှစ၍ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ထားရှိခဲ့ကာ ဟောင်ကောင်အတွက်၊ ယူအေအီးနိုင်ငံသည် တရုတ်နိုင်ငံ၏ Belt and Road ပဏာမခြေလှမ်းနှင့်ပတ်သက်၍ ဒေသတွင်းတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး Belt and Road စီမံကိန်းများကို ကြီးကြပ်ရန်အတွက် ဟောင်ကောင်အစိုးရ၏ ဒေသဆိုင်ရာစီးပွားရေးနှင့်ကုန်သွယ်မှုရုံးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလက ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင် တရားဝင် ဖွင့်လှစ်ထားရှိခဲ့ပါသည်။ ယူအေအီး–ဟောင်ကောင်နှစ်နိုင်ငံသဘောတူညီချက် ၇ ခုကို လက်မှတ်ရေးထိုးထားရှိပြီး Emirates လေကြောင်းလိုင်း၊ ဒူဘိုင်းဆိပ်ကမ်းများ၊ First Abu Dhabi ဘဏ်၊ Mashreq ဘဏ်၊ Etihad လေကြောင်းလိုင်းနှင့် အခြား အဖွဲ့အစည်းများအပါအဝင် ယူအေအီးကုမ္ပဏီ အများအပြားမှ ဟောင်ကောင်တွင် ဘဏ်ခွဲများဖွင့်လှစ်ထားရှိပြီး ကုန်သွယ်ရေး နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း ယူအေအီးနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တရားဝင် ထုတ်ပြန်ချက်များအရ သိရသည်။

Source: Emirates News Agency, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-30012024-14:18

# ပြည်တွင်းကုန်သွယ်မှုသတင်း

## စိုက်ပျိုးထုတ်လုပ်သူများ တွက်ချေကိုက်သည့်လက်ဖက်မွေး

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ပြည်ပပို့ကုန်အလားအလာရှိသည့် အမည်သစ်ထုတ်ကုန် လက်ဖက်မွှေးကို စိုက်ပျိုး ၍ စိုက်ပျိုးထုတ်လုပ်သူများအကျိုးအမြတ်ရရှိကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၏ ရာသီဥတု၊ ရေ၊ မြေနှင့် ကိုက်ညီမှုရှိခြင်းကြောင့် လက်ဖက်မွှေးကို မိုးညှင်းမြို့နယ် တွင် စိုက်ပျိုး၍ရရှိကြောင်း အခြားသော မြို့နယ်များတွင် စိုက်ပျိုး၍ မရကြောင်းစိုက်ပျိုးထုတ်လုပ်သူ၏ ပြောပြချက်အရသိရ သည်။

လက်ဖက်မွှေးကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများဖြစ်သည့် မိုးဖြိုင်ဖြိုင်ကျလာသည့်အချိန်များတွင် ကိုင်းဖြတ်၍ စိုက်ပျိုးကြ ရပြီး စိုက်ပျိုးပြီး ၂ လခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း ၄၅ ရက်ခြားတစ်ကြိမ်ခူးဆွတ်နိုင်ရာ တစ်နှစ်လျှင် (၇)ကြိမ် (၁) ကြိမ်လျှင် (၅၀) ပိဿာ ခူးဆွတ်နိုင်ကြောင်း အရွက်ခြောက်တစ်ပိဿာလျှင် ခြံပေါက် ဈေး ၄၅,၀၀၀ ကျပ်ရရှိ၍ တစ်ကေတွင် ၃၅၀ ပိဿာထွက်ရှိသဖြင့် ရောင်းရငွေမှာ ၁,၅၇,၅၀,၀၀၀ ကျပ်ရရှိကြောင်းသိရှိရသည်။

တစ်ကေ စိုက်ပျိုးထုတ်လုပ်မှု၏ စုစုပေါင်းကုန်ကျစရိတ်မှာ ၁,၁၄,၇၀,၀၀၀ ကျပ်ခန့်ရှိပြီး လက်ရှိအချိန်တွင် ပြည်တွင်း ဈေးကွက်အဖြစ် ရန်ကုန်သို့တင်ပို့လျက်ရှိရာ ထုတ်ကုန်၏ ရောင်းရငွေမှာ ၁,၅၇,၅၀,၀၀၀ ကျပ်ခန့်ရရှိ၍ စိုက်ပျိုးထုတ်လုပ်သူ များအတွက် အကျိုးအမြတ်မှာ ၄၂,၈၀,၀၀၀ ကျပ်ခန့်ရရှိသဖြင့် စိုက်ပျိုးထုတ်လုပ်သူများ တွက်ချေကိုက်ပြီး ဒေသခံပြည်သူအချို့ အလုပ်အကိုင်ရရှိ၍ အပိုဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။ Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး မြစ်ကြီးနား

## မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် မြန်မာ့ရော်ဘာထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်ရောက်မှုမြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် “ရော်ဘာအရည်အသွေးမြှင့်တင်ခြင်းနှင့် ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်းစီမံကိန်း” အစီအစဉ်

အရ "မြန်မာ့ရော်ဘာထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်ရောက်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက် ၈:၀၀ နာရီအချိန်၌ မော်လမြိုင်မြို့၊ တော်ဝင်မော်လမြိုင် ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ မော်လမြိုင်မြို့ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ မွန်ပြည်နယ်ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းနှင့် တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးပို့ချမည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ မှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း(၇၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းတို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်ကို နံနက် (၀၉:၀၀) နာရီအချိန်တွင် စတင်ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံ၊ Chinese Academy of Tropical Agricultural Sciences မှ အကြီးတန်းသုတေသနအရာရှိ Mr. Mo Ye Yong ၊ ထိုင်းနိုင်ငံ ရော်ဘာအာဏာပိုင်အဖွဲ့ (Rubber Authority of Thailand-RAOT) မှ ရော်ဘာထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးသုတေသနဌာန အကြီးအကဲ Dr. Wittaya Prommee နှင့် စိုက်ပျိုးရေးသုတေသနအရာရှိ Mr. Thongchai Khaeduang တို့ကအရည်အသွေးမီရော်ဘာများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရော်ဘာစံချိန်စံညွှန်းများ၊ ရော်ဘာမျိုးထုတ်လုပ်ခြင်း၊ စနစ်တကျရော်ဘာ အစေးခြစ်ခြင်းနှင့် ရော်ဘာကုန်ကြမ်းများဈေးကွက်သို့ တင်ပို့ခြင်း စသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချပေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်အဖြစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မော်လမြိုင်မြို့ ရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် စိုက်ခင်းများ၊ ရော်ဘာထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းလေ့လာရေး သွားရောက်မည်ဖြစ်သည်။

Source: https://myantrade.gov.mm/event/Nay%20Pyi%20Taw%20STP_30.1.2024%2010:16%20AM

## ပြည်ပကုန်သွယ်မှုသတင်း

### ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကိုးလအတွင်း ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအနေဖြင့် စွမ်းအင်ကဏ္ဍတွင် ဒေါ်လာ ၃၇၄ သန်းကျော်ဖြင့် အများဆုံးဖြစ်

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၉ လအတွင်း ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုအနေဖြင့် စွမ်းအင်ကဏ္ဍတွင် ဒေါ်လာ ၃၇၄ သန်းကျော်ဖြင့် အများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီမှ ဒီဇင်ဘာလကုန်အထိ ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှု အနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂ ဒသမ ၇၅၈ သန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ၂၃ ဒသမ ၄၆၉ သန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၁၂ ဒသမ ၃၂၀ သန်း၊ စွမ်းအင်ကဏ္ဍ တွင် ဒေါ်လာ ၃၇၄ ဒသမ ၅၂၅ သန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၇၇ ဒသမ ၈၂၀သန်း၊ အိမ်ခြံမြေကဏ္ဍတွင် ရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၀ ဒသမ ၅၃၃ သန်း၊ ဝန် ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ သုည ဒသမ ၈၀၉ သန်း ဝင်ရောက်ထားသည်။

ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၅ သန်းနီးပါးသာ ဝင်ရောက်ခဲ့ပြီး လက်ရှိဘဏ္ဍာနှစ် ၉ လ အတွင်း စုစုပေါင်း FDI ဒေါ်လာ ၆၀၂ သန်း ကျော် ဝင်ရောက်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီမှ ဒီဇင်ဘာအထိ ၉ လအတွင်း ဘရူနိုင်းက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ သုည ဒသမ ၈၃၅ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၁၅ ဒသမ ၆၁၈ သန်း ၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ၇ ဒသမ ၀၆၈ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင်ဒေါ်လာ ၁၅ ဒသမ၉၂၄ သန်း၊ အိန္ဒိယက ဒေါ်လာ သုည ဒသမ ၆၀၀ သန်း၊ ဂျပန်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၃ ဒသမ ၂၂၉ သန်း၊ Republic of the Marshall Island က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁ ဒသမ ၃ သန်း၊ ကိုရီးယားက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ၂ ဒသမ ၁၆၀ သန်း၊ Samoa က ဒေါ်လာတစ်သန်း၊ စင်ကာပူက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၃၄၄ ဒသမ ၅၁၆ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ခုနစ်သန်း၊ UK က

ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၁ ဒသမ ၇၁၇ သန်း၊ USA က ဒေါ်လာ ၁ ဒသမ ၀၈၇ သန်းဖြင့် ၉ လ အတွင်း စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၆၀၂ ဒသမ ၂၃၄ သန်းရှိသည်။

Source: https://news-eleven.com/article/287609

## ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင်မြန်မာနေ့အခမ်းအနားကျင်းပ

ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော Expo 2023 Doha တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာပြခန်းဆောင်ကို ပါဝင်ပြသလျက်ရှိသည်။

Expo 2023 Doha ၏ မြန်မာနေ့အခမ်းအနားကို ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကာတာနိုင်ငံ၊ ဒိုဟာမြို့ Al B Park ရှိ Expo House ၌ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်၊ Expo 2023 Doha ၏ Secretary General Mr. Mohamed alkoori နှင့် ပြပွဲတွင်ပါဝင်ပြသသည့် နိုင်ငံများမှ Commissioner General များ ပါဝင်တက်ရောက်ခဲ့သည်။

မြန်မာနေ့အခမ်းအနားကို ဒေသစံတော်ချိန် ညနေ ၄ နာရီ၌ ကျင်းပရာ အစီအစဉ်အရ ပထမဦးစွာ မြန်မာနိုင်ငံတော် သီချင်းနှင့် ကာတာနိုင်ငံတော် သီချင်းများကို ဖွင့်လှစ်၍ နှစ်နိုင်ငံအလံများကိုလွှင့်ထူခြင်း၊ ၊မြန်မာ့ယဉ်ကျေးမှု အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က မိန့်ခွန်းပြောကြားကာ ဧည့်သည်တော်များက မြန်မာပြခန်းဆောင်နှင့် ကာတာပြခန်းဆောင်တို့ကို သွားရောက်လည်ပတ်ခဲ့ သည်။

Expo 2023 Doha ကို ၂၀၂၃ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ကျင်းပလျက်ရှိပြီး ပြပွဲကာလအတွင်း မြန်မာပြခန်းဆောင်ကို TREASURE CAP Company မှ မြန်မာနိုင်ငံ ကိုယ်စားပြု ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။ Source: https://myantrade.gov.mm/article/naypyidaw_27012024_1120

## မြန်မာနိုင်ငံမှ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်းနိုင်ငံသို့ နှစ်စဉ် ပျားရည်တန်ချိန် ၂၀၀ ခန့် တင်ပို့နေ

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသမှ ဆီးပျားရည်၊ နေကြာပျားရည်၊ နှမ်းပျားရည်နှင့် ပန်းပေါင်းစုံပျားရည် တန်ချိန် ၃၀၀ ခန့်ထွက်ရှိပြီး ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်းနိုင်ငံသို့ နှစ်စဉ် တန်ချိန် ၂၀၀ ခန့်တင်ပို့နေရကြောင်း မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ(နေပြည်တော်)မှ သိရသည်။ အဆိုပါ ဆီးပျားရည်၊ နေကြာပျားရည်၊ နှမ်းပျားရည်နှင့် ပန်းပေါင်းစုံပျားရည်သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မကွေးတိုင်းဒေသကြီးမှ အဓိကထွက်ရှိပြီး ပြည်တွင်း စားသုံးမှုမှာ နှစ်စဉ် တန်ချိန် ၁၀၀ ခန့်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေး ဌာနခွဲ(နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ထံမှ သိရသည်။

“ပျားရည်ထုတ်လုပ်တဲ့အခါ ပျားအုံတွေမှာ ပျားရည်ပြည့်မပြည့်၊ ပျားရည်ထုတ်လုပ်မှုအချိန် ရောက်မရောက် ပျား မွေးမြူရေးပညာရှင်တွေကို ပျားမွေးမြူသူတွေဆီ စေလွှတ်ပြီးတော့ စစ်ဆေးပေးပါတယ်။ ပြီးရင် ပျားသလက်တွေ ထုတ်ယူပြီး တော့ ပျားလပို့ပေါ်မှာပိတ်နေတဲ့ ဖယောင်းတွေကိုခွာပြီး အပေါက်ဖွင့်ပေးတယ်။ ပြီးရင်ပျားရည်ထုတ်စက်ထဲ ပျားသလက်ချပ် တွေကို ထည့်လိုက်ပြီးတော့ သန့်ရှင်းတဲ့ပျားရည်ကို ထုတ်ယူပါတယ်။ ပျားရည်ထုတ်တာကိုလည်း ပျားမွေးမြူသူတွေကို သင်တန်း တွေပေးနေပါတယ်။ ဒီထက်ပိုပြီး အရည်အသွေးပြည့်ဝတဲ့ ပျားရည်တွေထုတ်နိုင်ဖို့ကလည်း ပညာပေးဆောင်ရွက်နေ ပါတယ်”ဟု ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်က ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သော ပျားမွေးမြူမှု အဓိကဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ပျားမွေးမြူရေးစခန်းခြောက်ခုနှင့် ပုဂ္ဂလိက ပျားမွေးမြူသူ ၇၈ ဦးရှိပြီး ပျားအုံပေါင်း ၁၃,၀၀၀ ကျော်ရှိကာ ပျားရည်များကို နှစ်စဉ် ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်နှင့် ဆီးပျားရည်က ၆၀ ရာခိုင်နှုန်း၊ ပန်းပေါင်းစုံ ပျားရည်က ၁၀ ရာခိုင်နှုန်းထွက်ရှိပြီး ပြည်ပတင်ပို့မှုတွင် နေကြာပျားရည်က ဈေးနှုန်းအများဆုံးရရှိကြောင်း၊ ပြည်ပတင်ပို့မှု အနေဖြင့် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်းနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ(နေပြည်တော်)မှ သိရသည်။

Source: ရတနာပုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_29012024_1241

## ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မြန်မာ့ကော်ဖီဈေးကွက်ဝင်ရောက်နိုင်မှုအလားအလာ

**ရုရှားနိုင်ငံ၏ ကော်ဖီတင်သွင်းမှုအခြေအနေ**

၂၀၂၂ ခုနှစ် စာရင်းအရ ရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီတန်ချိန် ၂၄၃,၅၂၉ တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၈၆ ဒသမ ၈၃ သန်းအထိ ရှိခဲ့သည်။ ရုရှားနိုင်ငံသို့ ကော်ဖီတင်သွင်းမှုတွင် ဦးဆောင်သူမှာ ဗီယက်နမ်နိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၄၀ ရာခိုင်နှုန်းကျော်ရှိသည်။ ဗီယက်နမ်၏ အဓိကပြိုင်ဘက်မှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၂၀ ရာခိုင်နှုန်းအထိရှိသည်။ ဈေးကွက်ဝေစုအဆင့် ၄ ရရှိထားသည့် အင်ဒိုနီးရှားနိုင်ငံသည်လည်း ရုရှားနိုင်ငံသို့ ကော်ဖီအဓိကတင်ပို့သည့် နိုင်ငံများစာရင်းတွင်ပါဝင်သည်။ ကော်ဖီတင်ပို့ခဲ့သည့် အဓိကနိုင်ငံများမှာ ဗီယက်နမ်၊ ဘရာဇီး၊ အီတလီ၊ အင်ဒိုနီးရှား၊ ယူဂန်ဒါ၊ ကိုလံဘီယာ၊ အီသီယိုးပီးယား၊ ဂျာမနီ၊ ဟွန်ဒူးရပ်စ်၊ နယ်သာလန် စသည့်နိုင်ငံများ ဖြစ်သည်။

**ရုရှားနိုင်ငံသို့ ကော်ဖီတင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

ရုရှားနိုင်ငံသို့ ကော်ဖီတင်သွင်းနိုင်ရန် ယူရေးရှားအကောက်ခွန်သမဂ္ဂ(Eurasian Customs Union) ၏ နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများဖြစ်သည့် TR CU 021/2011 “On safety food products” စားသောက်ကုန်များဘေးကင်းလုံခြုံမှု၊ TR CU 022/2011 “Food Products in terms of their labeling” စားနပ်ရိက္ခာ ထုတ်ကုန်များနှင့် ၎င်းတို့အား တံဆိပ်ကပ်ခြင်း၊ TR CU 005/2011 “On the safety of packaging” ထုပ်ပိုးမှု ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရသည်။

ရုရှားနိုင်ငံသို့ တင်သွင်းလာသော စိုက်ပျိုးရေးထွက်ကုန်၊ စားသောက်ကုန်နှင့် ကုန်ကြမ်းများကို ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ရှိ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုဌာန(The Federal Service for Veterinary and Phytosanitary Supervision – Rosselkhoznadzor)နှင့် ရုရှားဗဟိုအစိုးရထံ တိုက်ရိုက်အစီရင်ခံသော စားသုံးသူအခွင့်အရေးကာကွယ်ရေးနှင့် လူချမ်းသာမှုဆိုင်ရာ စောင့်ကြည့်လေ့လာရေးဌာန (The Federal Service for Surveillance on Consumer Rights Protection and Human Wellbeing – Rospotrebnadzor) (၂) ခုတို့မှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

တင်သွင်းလာသော စားသောက်ကုန်များအား သွင်းကုန်၊ ပို့ကုန်၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များဆောင်ရွက်ရန် တင်သွင်းသူများသည် Rosselkhoznadzor ဌာန၏ ခွင့်ပြုချက်ရယူရန်လိုအပ်ပြီး တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ(Sanitary and phytosanitary – SPS) လိုအပ်ချက်အတွက် အဆိုပါဌာန၏ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်ရမည် ဖြစ်ကြောင်း သိရသည်။

တင်သွင်းလာသော ကုန်ပစ္စည်းအားလုံးအတွက် EAC အမှတ်အသား (Eurasian Conformity) တံဆိပ်ကပ်ရန် လိုအပ်ပြီး ရုရှားဈေးကွက်သို့ အရည်အသွေးနိမ့် ထုတ်ကုန်များဝင်ရောက်ခြင်းကို နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် တားမြစ်ထားကာ စားသုံးသူဘေးကင်းလုံခြုံစေရန် မှတ်ပုံတင်မထားသော ပိုးသတ်ဆေးများနှင့် ဓာတုဗေဒဆေးများ ပမာဏကျော်လွန်စွာအသုံးပြုခြင်းကို Rospotrebnadzor ဌာနကတားမြစ်ထားသည်။ ထို့ပြင်တင်သွင်းထားသော ကော်ဖီထုတ်ကုန်များအား ရုရှားနိုင်ငံအတွင်း တရားဝင်ဖြန့်ဖြူးရောင်းချရန် နည်းပညာဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် တိုင်းတာမှုဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ (Federal Technical Regulation and Metrology Agency – Rosstandart) ဌာန၏ ရုရှားနိုင်ငံအမျိုးသားအဆင့် အသိအမှတ်ပြု စံနှုန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ အကဲဖြတ်ခြင်းကို ကျော်လွှားနိုင်ရန် လိုအပ်သည်။

**အခြားသိရှိရန်အချက်အလက်များ**

ကော်ဖီသယ်ယူပို့ဆောင်ခြင်းနှင့် ယာယီသိုလှောင်ရုံများတွင် သိမ်းဆည်းခြင်းအတွက် လိုအပ်သော အပူချိန်နှင့် စိုထိုင်းဆထိန်းချုပ်မှုကို ထိန်းသိမ်းရန် လိုအပ်သည်။ ကော်ဖီသည် အစိုဓာတ်နှင့် အနံ့ဆိုးများကို စုပ်ယူနိုင်စွမ်းမြင့်မားသည်။ သယ်ယူပို့ဆောင်ရေးအတွက် ကော်ဖီ၏အရည်အသွေးယိုယွင်းပျက်စီးမှုကို ရှောင်ရှားနိုင်ရန် လေထုစိုထိုင်းဆ ၇ ရာခိုင်နှုန်းထက်မပိုသည့် သန့်ရှင်းခြောက်သွေ့သော အလုံပိတ်ကွန်တိန်နာများဖြင့် သီးခြားခွဲ၍ ပို့ဆောင်ရန်အကြံပြုထားသည်။ ထုပ်ပိုးမှု၊ တံဆိပ်ကပ်ခြင်းနှင့် စာရွက်စာတမ်းများအားလုံးကို ရုရှားဘာသာဖြင့် ဘာသာပြန်ဆိုထားသော မိတ္တူများလိုအပ်နိုင်သည်။ သက်ဆိုင်ရာလက်မှတ်များရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် လိုင်စင်ရယူခြင်း စသည့်လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ကုန်ကျစရိတ်များရှိနိုင်ပြီး တင်ပို့သူနှင့် တင်သွင်းသူများမှ ငွေပေးချေရမည်ဖြစ်သည်။ တင်ပို့သူသည် တင်ပို့ခြင်းမပြုမီ ၎င်း၏ တင်သွင်းသူ နှင့် လိုအပ်သော စာရွက်စာတမ်းများကို အနီးကပ်ညှိနှိုင်း၍ စစ်ဆေးပြင်ဆင်မှုများ ပြုလုပ်သင့်သည်။

**သုံးသပ်ချက်**

ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီတင်သွင်းခြင်းကို အပြည့်အဝမှီခိုထားသည်။ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလံဘီယာ၊ အင်ဒိုနီးရှားနှင့် ဟွန်ဒူးရပ်စ် စသည့်နိုင်ငံများသည် ကမ္ဘာ့ကော်ဖီတင်ပို့မှု၏ ၈၀ ရာခိုင်နှုန်းကျော် ပိုင်ဆိုင်ထားကြသည်။ ရုရှားသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသော်လည်း ကော်ဖီ အများဆုံးသောက်သုံးသည့် နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ပထမခုနှစ်လတွင် ရုရှား၏ ကော်ဖီတင်သွင်းမှု ပမာဏတန်ချိန် ၁,၅၈,၀၀၀ ရှိပြီး ယခင်နှစ် အလားတူကာလထက် ၂၀ ရာခိုင်နှုန်း ပိုများသည်။ တစ်နှစ်ထက်တစ်နှစ် ကော်ဖီဆိုင်အသစ်များဖွင့်လှစ်ခြင်းသည် ကော်ဖီ ဝယ်လိုအား တိုးတက်မှုကို ကောင်းစွာ ထင်ဟပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့မည်ဆိုလျှင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့နှင့် ဈေးကွက်ယှဉ်ပြိုင်ရမည့် အခြေအနေများကြုံတွေ့နိုင်ဖွယ်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ဥရောပအာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union-EAEU)နှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို ၂၀၁၅ ခုနှစ် မေလ ၂၉ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ကော်ဖီထုတ်လုပ်သည့် ကမ္ဘာ့အကြီးဆုံးနိုင်ငံ (၅) နိုင်ငံထဲတွင်ပါဝင်လျက်ရှိပြီး EAEU နှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို ၂၀၂၃ ခုနှစ် ဧပြီလတွင် စတင်ဆွေးနွေးခဲ့ကာ မကြာမီတွင် လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိသည်။ ရုရှားနိုင်ငံသို့ ကော်ဖီတင်သွင်းမှုတွင် ဦးဆောင်သူမှာ ဗီယက်နမ်နိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၄၀ ရာခိုင်နှုန်းကျော်ပိုင်ဆိုင်ထားကာ အင်ဒိုနီးရှားနိုင်ငံသည် ကော်ဖီတင်သွင်းမှု အဆင့်(၄)တွင် ရပ်တည်လျက်ရှိသည်။ သို့သော် ကော်ဖီသည် ရုရှားနိုင်ငံ၌ ဈေးကွက်အလားအလာမြင့်မားသည့် ကုန်စည် တစ်ခုဖြစ်ပြီး လက်လီအရောင်းဆိုင်များတွင် ဈေးနှုန်းကြီးမြင့်သည့် ကုန်စည်တစ်ခုဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များအား ရုရှားနိုင်ငံသို့ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်(Certificate of Origin) GSP Form A ဖြင့် တင်ပို့မည်ဆိုပါက အကောက်ခွန် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်၍ ဈေးကွက်ယှဉ်ပြိုင်ရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်။

ရုရှားနိုင်ငံ၏ ကော်ဖီဈေးကွက်သည် တစ်နှစ်ထက်တစ်နှစ် အဆက်မပြတ်ကြီးထွားလာလျက်ရှိပြီး ကော်ဖီသည် ရုရှားလူမျိုးတို့၏ အနှစ်သက်ဆုံး အဖျော်ယမကာတစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ရုရှားသည် လက်ဖက်ခြောက် အဓိက တင်သွင်းသောနိုင်ငံမှ ကော်ဖီအဓိကတင်သွင်းသောနိုင်ငံဖြစ်လာခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ကော်ဖီသောက်သုံးမှု သည် တန်ချိန် ၁,၈၀,၀၀၀ သို့ ရောက်ရှိခဲ့ပြီး ၎င်းသည် တစ်နှစ်ထက်တစ်နှစ် ၁၂ ရာခိုင်နှုန်း ပိုမိုများပြားလာခြင်းဖြစ်ကြောင်း ရုရှား လက်ဖက်ရည်နှင့် ကော်ဖီထုတ်လုပ်သူများ အသင်း "Roschaykofe" ၏ အချက်အလက်များအရ သိရသည်။ သုတေသီများ၏အဆိုအရ ကော်ဖီရောင်းအား သည် တစ်နှစ်လျှင် ၆-၂၀ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်လျက်ရှိပြီး ကော်ဖီဆိုင်များလည်း ဖွံ့ဖြိုး တိုးတက်လာလျက်ရှိသဖြင့် နိုင်ငံအတွင်း ကော်ဖီရောင်းအား ဆက်လက်တိုးလာမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ၎င်းနိုင်ငံသို့ တင်သွင်းလာသည့် ကုန်စည်အများစုသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ အချင်းချင်း သဘော တူညီချက်ဖြင့် ရုရှားနိုင်ငံရှိတင်သွင်းသည့်ကုမ္ပဏီများက ဝယ်ယူတင်သွင်းလေ့ရှိကြောင်း သိရှိရသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ရုရှားနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင် များအသင်းချုပ်(TPPRF)၊ သက်ဆိုင်ရာ ကော်ဖီ အသင်းများစသည့် အသင်းအဖွဲ့များအချင်းချင်း နီးကပ်စွာပူးပေါင်းဆောင်ရွက်၍ မြန်မာ-ရုရှား ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း သွင်းကုန်၊ ပို့ကုန် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများဆိုင်ရာ အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ဈေးကွက်ရရှိရေး တင်ပို့သူ၊ တင်သွင်းသူများအချင်းချင်း ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက် သွားပါက ဈေးကွက်ဝင်ရောက်ခွင့်ရရှိရေး အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ ရှိရသည်။

ရုရှားနိုင်ငံရှိ ကော်ဖီထုတ်လုပ်သည့်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကြောင့် မကြာသေးမီနှစ်များအတွင်း နိုင်ငံ၏ ကော်ဖီတင်သွင်းမှု လိုအပ်ချက်သည် မြင့်တက်လာခဲ့သည်။ ရုရှားသည် ၎င်းနိုင်ငံအတွင်း၌ ကော်ဖီ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသည့်အပြင် ဥရောပတွင် ၇ ခုမြောက် ကော်ဖီအများဆုံးတင်သွင်းသည့်နိုင်ငံ ဖြစ်သည်။ ရုရှားနိုင်ငံမှ ကော်ဖီ တင်သွင်းမှု၏ ၅၇ ရာခိုင်နှုန်းခန့်သည် ရိုဘက်စတာကော်ဖီဖြစ်ပြီး ၄၃ ရာခိုင်နှုန်းမှာ အာရေဗီကာကော်ဖီဖြစ်သည်။ ရုရှားကော်ဖီဈေးကွက်သည် စားသုံးသူများကြား ဝယ်လိုအားတိုးလာခြင်းကြောင့် နိုင်ငံအတွင်း ကော်ဖီ၏ရေပန်းစားလာမှုသည် ဆက်လက်ကြီးထွားလာ မည်ဖြစ်သည်။ ထို့ပြင်ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ၎င်းနိုင်ငံအတွက် လိုအပ်လျက် ရှိသော သွင်းကုန်များကို အာရှနိုင်ငံများမှ ရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသဖြင့် မြန်မာနိုင်ငံ၏ ကော်ဖီထုတ်ကုန်သည် ရုရှား နိုင်ငံသို့ တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေပါကြောင်း သုံးသပ်ရသည်။

Source: ဦးခွန်မျိုးသူ၊ စီးပွားရေးသံမှူး(မော်စကိုမြို့)

Source: [https://myantrade.gov.mm/article/naypyitaw_26012024_325](https://myantrade.gov.mm/article/naypyitaw_26012024_325)

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၄၊ ဇန်နဝါရီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 63,277,246.758 | 331.944 | | 1 | ရေနံထွက်ပစ္စည်းများ | 446.241 |
| 2 | သဘာဝဓာတ်ငွေ့ | kg | 28,356,056.000 | 254.749 | | 2 | ချည်ထည်များ | 117.481 |
| 3 | ဆန် | မတန် | 139,668.750 | 80.045 | | 3 | ဓာတ်မြေသြဇာများ | 50.146 |
| 4 | မတ်ပဲ | မတန် | 70,094.095 | 66.217 | | 4 | စားအုန်းဆီ | 45.749 |
| 5 | ဆန်ကွဲ | မတန် | 109,761.740 | 47.620 | | 5 | ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ | 42.794 |
| 6 | ပြောင်း | မတန် | 181,385.600 | 44.512 | | 6 | စက်နှင့်စက်ပစ္စည်းများ | 37.596 |
| 7 | ငါး | မတန် | 36,624.621 | 39.457 | | 7 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 31.324 |
| 8 | ရော်ဘာစိမ်း | မတန် | 27,476.260 | 36.926 | | 8 | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ | 29.393 |
| 9 | ပဲစင်းငုံ | မတန် | 29,214.508 | 29.999 | | 9 | ဓာတုဗေဒပစ္စည်းများ | 27.387 |
| 10 | ပဲတီစိမ်း | မတန် | 34,167.489 | 22.151 | | 10 | ဆေးဝါးပစ္စည်းများ | 26.210 |

Source: tradedata

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၆-၁-၂၀၂၄)ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၂၆-၁-၂၀၂၄)ထိ | တိုး/ လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၆-၁-၂၀၂၄)ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၂၆-၁-၂၀၂၄)ထိ | တိုး/ လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 2690.480 | 3011.584 | -321.104 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 2720.485 | 2862.093 | -141.608 |
| ၂ | တိရစ္ဆာန်ထွက် | 6.650 | 19.225 | -12.575 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 6375.766 | 6775.295 | -399.529 |
| ၃ | ရေထွက် | 564.681 | 611.460 | -46.779 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 228.841 | 283.326 | -54.485 | | ၃ | လူသုံးကုန်ပစ္စည်း | 2096.696 | 2421.816 | -325.120 |
| ၅ | သစ်တောထွက် | 54.211 | 123.586 | -69.375 | | ၄ | CMP | 1862.408 | 2122.420 | -260.012 |
| ၆ | စက်မှုကုန်ချော | 7462.946 | 9325.193 | -1862.229 | | | | | | |
| ၇ | အခြား | 828.911 | 380.885 | 448.026 | | | | | | |
| | စုစုပေါင်း | **11836.738** | **13755.259** | **-1918.521** | | | စုစုပေါင်း | **13055.355** | **14181.624** | **-1126.269** |

Source: commerce

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၄၊ ဇန်နဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၆.၂.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 115000-125000 |
| မြောင်းမြ | 82000-83000 | 115000-125000 |
| ဒေးဒရဲ | 82000-83000 | 115000-125000 |
| ဝါးခယ်မ | 82000-83000 | 100000-110000 |
| ဘိုကလေး | 82000-83000 | 110000-120000 |
| မော်လမြိုင်ကျွန်း | 82000-83000 | 110000-120000 |
| လပွတ္တာ | - | 110000-120000 |
| ကျိုက်လတ် | 82000-83000 | 110000-120000 |
| ဘုရင့်နောင် | 82000-83000 | 135000-140000 (ရွှေဘို) |

Source: MRF

## ၂၀၂၄၊ ဇန်နဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 8.1.2024 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 |
| 2 | 15.1.2024 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 |
| 3 | 22.1.2024 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 |
| 4 | 29.1.2024 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |

Source: MRPP

## ၂၀၂၄၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.1.2024 | 3450-3460 | 3450-3460 |
| 2 | 2.1.2024 | 3455-3460 | 3455-3460 |
| 3 | 3.1.2024 | 3450-3455 | 3450-3455 |
| 4 | 5.1.2024 | 3440-3445 | 3442-3447 |
| 5 | 8.1.2024 | 3430-3440 | 3435-3440 |
| 6 | 9.1.2024 | 3440-3445 | 3445-3450 |
| 7 | 10.1.2024 | 3458-3460 | 3455-3460 |
| 8 | 12.1.2024 | 3457-3461 | 3450-3455 |
| 9 | 15.1.2024 | 3450-3452 | 3447-3450 |
| 10 | 16.1.2024 | 3455-3460 | 3465-3470 |
| 11 | 17.1.2024 | 3465-3470 | 3470-3475 |
| 12 | 18.1.2024 | 3470-3475 | 3470-3475 |
| 13 | 19.1.2024 | 3485-3490 | 3490-3495 |
| 14 | 22.1.2024 | 3485-3488 | 3488-3490 |
| 15 | 23.1.2024 | 3495-3500 | 3502-3505 |
| 16 | 24.1.2024 | 3540-3550 | 3540-3545 |
| 17 | 25.1.2024 | 3530-3535 | 3525-3530 |
| 18 | 26.1.2024 | 3530-3540 | 3535-3540 |
| 19 | 29.1.2024 | 3540-3545 | 3540-3545 |
| 20 | 30.1.2024 | 3560-3565 | 3560-3565 |
| 21 | 31.1.2024 | 3565-3570 | 3560-3565 |

Source: e trade Myanmar

## ၂၀၂၄၊ ဇန်နဝါရီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ဧည့်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 2 | 2.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 3 | 3.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 4 | 5.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 5 | 8.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 6 | 9.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 7 | 10.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 8 | 12.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 9 | 15.1.2024 | 100000 | 100000 | 100000 | – | – | – | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 10 | 16.1.2024 | 100000 | 100000 | 100000 | 92000 | 91000 | 90000 | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 11 | 17.1.2024 | 110000 | 105000 | 100000 | 92000 | 91000 | 90000 | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 12 | 18.1.2024 | 110000 | 105000 | 100000 | 92000 | 91000 | 90000 | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| 13 | 19.1.2024 | 110000 | 105000 | 100000 | 92000 | 91000 | 90000 | 72000 | 71000 | 70000 | 68000 | 67000 | 66000 |
| | | | | | | | | | သစ် | | 68000 | 67000 | 66000 |
| 14 | 22.1.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 82000 | 68000 | 67000 | 68000 | 67000 | 66000 |
| 15 | 23.1.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 82000 | 68000 | 67000 | 68000 | 67000 | 66000 |
| 16 | 24.1.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 82000 | 68000 | 67000 | 68000 | 67000 | 66000 |
| 17 | 25.1.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 82000 | 68000 | 67000 | 68000 | 67000 | 66000 |
| 18 | 26.1.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 82000 | 68000 | 67000 | 68000 | 67000 | 66000 |
| 19 | 29.1.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 70000 | 69000 | 70000 | 69000 | 68000 |
| 20 | 30.1.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 70000 | 69000 | 70000 | 69000 | 68000 |
| 21 | 31.1.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 70000 | 69000 | 70000 | 69000 | 68000 |

**Source: Myanmar Rice**

## ၂၀၂၄၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.1.2024 | 2100.0 | 61.091 | 295.78 | 1591.5 | 25.227 | 1488.7 |
| 2 | 2.1.2024 | 2100.0 | 61.430 | 294.32 | 1588.3 | 25.203 | 1483.5 |
| 3 | 3.1.2024 | 2100.0 | 61.251 | 293.87 | 1582.2 | 25.211 | 1472.4 |
| 4 | 5.1.2024 | 2100.0 | 60.475 | 293.49 | 1577.3 | 25.251 | 1446.3 |
| 5 | 8.1.2024 | 2100.0 | 59.855 | 293.25 | 1576.8 | 25.256 | 1453.1 |
| 6 | 9.1.2024 | 2100.0 | 60.069 | 293.31 | 1579.5 | 25.265 | 1458.5 |
| 7 | 10.1.2024 | 2100.0 | 60.051 | 282.80 | 1576.8 | 25.280 | 1449.3 |
| 8 | 12.1.2024 | 2100.0 | 59.855 | 293.05 | 1578.1 | 25.31 | 1445.5 |
| 9 | 15.1.2024 | 2100.0 | 60.155 | 292.71 | 1575.3 | 25.337 | 1442.9 |
| 10 | 16.1.2024 | 2100.0 | 59.406 | 292.01 | 1567.9 | 25.29 | 1434.3 |
| 11 | 17.1.2024 | 2100.0 | 59.022 | 291.78 | 1561.3 | 25.249 | 1419.6 |
| 12 | 18.1.2024 | 2100.0 | 59.063 | 291.82 | 1563.3 | 25.256 | 1420.9 |
| 13 | 19.1.2024 | 2100.0 | 59.047 | 291.88 | 1564.9 | 25.259 | 1416.3 |
| 14 | 22.1.2024 | 2100.0 | 58.881 | 291.82 | 1565.2 | 25.258 | 1416.6 |
| 15 | 23.1.2024 | 2100.0 | 58.865 | 292.87 | 1567.9 | 25.258 | 1423.6 |
| 16 | 24.1.2024 | 2100.0 | 58.766 | 292.98 | 1568.3 | 25.257 | 1422.5 |
| 17 | 25.1.2024 | 2100.0 | 58.741 | 292.84 | 1567.3 | 25.27 | 1422.1 |
| 18 | 26.1.2024 | 2100.0 | 58.939 | 292.51 | 1566.1 | 25.261 | 1420.8 |
| 19 | 29.1.2024 | 2100.0 | 59.014 | 282.43 | 1565.9 | 25.259 | 1421.6 |
| 20 | 30.1.2024 | 2100.0 | 59.431 | 292.60 | 1567.2 | 25.263 | 1423.5 |
| 21 | 31.1.2024 | 2100.0 | 59.272 | 292.49 | 1567.5 | 25.291 | 1423.7 |

Source: Central Bank of Myanmar

## ၂၀၂၄၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2023 | 2024 | (သစ်) | (ထိပ်စ) | | |
| 1 | 1.1.2024 | 2965000 | 3235000 | 1632000–1788200 | 2296500 | 3040500–3092600 | – |
| 2 | 2.1.2024 | 2987000 | 3275000 | 1632000–1788200 | 2296500 | 3040500–3092600 | – |
| 3 | 3.1.2024 | 2995000 | 3315000 | 1632000–1788200 | 2296500 | 3062000–3114000 | – |
| 4 | 5.1.2024 | 2995000 | 3362500 | 1632000–1788200 | 2296500 | 3062000–3114000 | – |
| 5 | 8.1.2024 | 3042000 | 3412500 | 1632000–1788200 | 2345500 | 3062000–3114000 | – |
| 6 | 9.1.2024 | 3061000 | 3505000 | 1632000–1837200 | 2345500 | 3062000–3114000 | – |
| 7 | 10.1.2024 | 3050000 | 3495000 | 1632000–1837200 | 2345500 | 3062000–3114000 | – |
| | 12.1.2024 | 3040000 | 3480000 | 1684100–1827200 | 2345500 | 3264000–3368100 | – |
| 8 | 15.1.2024 | 2990000 | 3430000 | 1684100–1827200 | 2345500 | 3264000–3368100 | – |
| 9 | 16.1.2024 | 2985000 | 3447500 | 1684100–1827200 | 2345500 | 3264000–3368100 | – |
| 10 | 17.1.2024 | 2987500 | 3497500 | 1684100–1827200 | 2345500 | 3215000–3267000 | – |
| 11 | 18.1.2024 | 2972500 | 3496000 | 1684100–1827200 | 2345500 | 3264000–3368100 | – |
| 12 | 19.1.2024 | 2995000 | 3572500 | 1684100–1827200 | 2345500 | 3215000–3267100 | – |
| 13 | 22.1.2024 | 3002000 | 3650000 | 1684100–1827200 | 2397500 | 3215000–3267100 | – |
| 14 | 23.1.2024 | 2995000 | 3701000 | 1684100–1827200 | 2397500 | 3215000–3267100 | – |
| 15 | 24.1.2024 | 3005000 | 3725000 | 1684100–1941300 | 2397500 | 3163000–3215000 | – |
| 16 | 25.1.2024 | 3057500 | 3800000 | 1684100–1941300 | 2397500 | 3163000–3215000 | – |
| 17 | 26.1.2024 | 3165000 | 38347500 | 1684100–1941300 | 2397500 | 3163000–3215000 | – |
| 18 | 29.1.2024 | 3171500 | 3797000 | 1684100–1941300 | 2602700 | 3163000–3215000 | – |
| 19 | 30.1.2024 | 3170000 | 3822000 | 1684100–1941300 | 2602700 | 3009900–3062000 | – |
| 20 | 31.1.2024 | 3285000 | 3849000 | 1684100–2042300 | 2602700 | 3009900–3062000 | – |
| 21 | 1.1.2024 | 2965000 | 3235000 | 1632000–1788200 | 2296500 | 3040500–3092600 | – |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.1.2024 | 4225500–4335700 | 1968800–1990300 | 2244400–2296500 | 2008600–2042300 | 722600–734900 |
| 2 | 2.1.2024 | 4225500–4335700 | 1938200–1990300 | 2244400–2296500 | 2008600–2042300 | 722600–734900 |
| 3 | 3.1.2024 | 4332700–4553100 | 1938200–1990300 | 2244400–2296500 | 1938200–1990300 | 722600–734900 |
| 4 | 5.1.2024 | 4332700–4553100 | 1938200–1990300 | 2244400–2296500 | 1938200–1990300 | 722600–734900 |
| 5 | 8.1.2024 | 4332700–4553100 | 1947400–1990300 | 2244400–2296500 | 1837200–1889200 | 722600–734900 |
| 6 | 9.1.2024 | 4332700–4553100 | 1968800–1990300 | 2244400–2348500 | 1837200–1889200 | 722600–734900 |
| 7 | 10.1.2024 | 4332700–4553100 | 1968800–1990300 | 2244400–2348500 | 1837200–1889200 | 722600–734900 |
| 8 | 12.1.2024 | 4332700–4553100 | 1990300–2020900 | 2244400–2348500 | 1837200–1889200 | 722600–734900 |
| 9 | 15.1.2024 | 4332700–4553100 | 2039300–2094400 | 2296500–2348500 | 1837200–1889200 | 716500–728700 |
| 10 | 16.1.2024 | 4332700–4553100 | 2091300–2112700 | 2296500–2348500 | 1867800–1889200 | 716500–728700 |
| 11 | 17.1.2024 | 4332700–4553100 | 2091300–2112700 | 2296500–2348500 | 1837200–1867800 | 716500–728700 |
| 12 | 18.1.2024 | 4332700–4553100 | 2091300–2112700 | 2296500–2348500 | 1867800–1889200 | 710400–722600 |
| 13 | 19.1.2024 | 4332700–4553100 | 2091300–2112700 | 2296500–2348500 | 1837200–1867800 | 710400–722600 |
| 14 | 22.1.2024 | 4332700–4553100 | 2174000–2195400 | 2296500–2348500 | 1837200–1867800 | 704300–716500 |
| 15 | 23.1.2024 | 4332700–4553100 | 2174000–2195400 | 2296500–2348500 | 1837200–1867800 | 704300–716500 |
| 16 | 24.1.2024 | 4332700–4553100 | 2192400–222600 | 2296500–2348500 | 1867800–1889200 | 704300–716500 |
| 17 | 25.1.2024 | 4332700–4553100 | 2192400–222600 | 2345500–2400600 | 1867800–1889200 | 692000–704200 |
| 18 | 26.1.2024 | 4225500–4335700 | 2192400–222600 | 2345500–2400600 | 1867800–1889200 | 692000–704200 |
| 19 | 29.1.2024 | 4225500–4335700 | 2192400–2247500 | 2345500–2400600 | 1867800–1889200 | 698100–710400 |
| 20 | 30.1.2024 | 4225500–4335700 | 2213800–2247500 | 2345500–2400600 | 1867800–1889200 | 698100–710400 |
| 21 | 31.1.2024 | 4225500–4335700 | 2213800–2247500 | 2345500–2400600 | 1867800–1889200 | 698100–710400 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၄၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.1.2024 to 5.1.2024 | 8.1.2024 to 12.1.2024 | 15.1.2024 to 19.1.2024 | 22.1.2024 to 26.1.2024 | 29.1.2024 to 31.1.2024 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022-23 Crop) | FAQ | 940-960 | 940-960 | 910-930 | 920-940 | 945-965 |
| | SQ | 1040-1060 | 1040-1060 | 1010-1030 | 1020-1040 | 1045-1065 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1025-1075 | 1025-1075 | 995-1045 | 1005-1055 | 1030-1080 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1125-1175 | 1125-1175 | 1095-1145 | 1105-1155 | 1130-1180 |
| | အခွံပါအခြမ်း | 1025-1075 | 1025-1075 | 995-1045 | 1005-1055 | 1030-1080 |
| ပဲတီစိမ်း (2022-23 Crop) | FAQ (အညာ) | 710-740 | 710-740 | 730-760 | 750-780 | 750-780 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 840-870 | 840-870 | 840-870 | 850-880 | 850-880 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 810-860 | 810-860 | 810-860 | 820-860 | 820-860 |
| | ရွှေဝါအသေး (Under 3.5 mm) | 770-800 | 770-800 | 770-800 | 780-810 | 780-810 |
| ပဲတီစိမ်း (2022 -23 Crop) | FAQ ပဲနောက် | 650-680 | 650-680 | 670-700 | 680-710 | 680-710 |
| | SQ ပဲနောက် | 750-780 | 750-780 | 750-780 | 750-780 | 750-780 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 950-1000 | 950-1000 | 975-1025 | 990-1040 | 990-1040 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 700-725 | 700-725 | 725-750 | 740-765 | 740-765 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 670-720 | 670-720 | 700-750 | 715-765 | 715-765 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1020-1040 | 1040-1060 | 1040-1060 | 1080-1100 | 1150-1170 |
| ပဲစင်းငုံ (2023 Crop) | အဖြူ(စစ်ကိုင်း) | 960-980 | 980-1000 | 980-1000 | 1020-1040 | 1090-1110 |
| | အခွံချွတ်အခြမ်း | 1305-1330 | 1325-1350 | 1325-1350 | 1365-1390 | 1435-1460 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 935-985 | 950-1000 | 950-1000 | 950-1000 | 975-1025 |
| | အခွံချွတ်အခြမ်း | 1235-1285 | 1250-1300 | 1250-1300 | 1250-1300 | 1275-1325 |
| ပဲလွန်းဖြူ | FAQ | 625-645 | 625-645 | 625-645 | 625-645 | 595-615 |
| | SQ | 655-680 | 655-680 | 655-680 | 690-715 | 640-665 |
| | အခွံချွတ်အခြမ်း | 775-825 | 775-825 | 775-825 | 800-850 | 775-825 |
| ပဲလွန်းနီ | FAQ | 700-750 | 660-710 | 660-710 | 700-750 | 750-800 |
| ပဲထောပတ် | FAQ | 1240-1270 | 1240-1270 | 1240-1270 | 1315-1345 | 1345-1375 |
| | အခွံချွတ်အခြမ်း | 1375-1400 | 1375-1400 | 1375-1400 | 1450-1475 | 1475-1500 |
| ပြောင်းဆန် | | 240-260 | 240-260 | 240-260 | 230-250 | 230-250 |
| နှမ်းဖြူ | | 1520-1570 | 1540-1590 | 1590-1640 | 1590-1640 | 1620-1670 |
| နှမ်းနက်(စမုန်) | | 1570-1620 | 1570-1620 | 1620-1670 | 1620-1670 | 1670-1720 |
| နှမ်းညို | | 1380-1430 | 1380-1430 | 1380-1430 | 1380-1430 | 1400-1450 |
| နှမ်းနက်(ရိုးရိုး) | | 1380-1430 | 1380-1430 | 1380-1430 | 1380-1430 | 1400-1450 |
| မြေထောက်ပဲ(အနီ) | | 1450-1475 | 1350-1375 | 1275-1300 | 1275-1300 | 1210-1235 |
| မြေထောက်ပဲ(အဖြူ) | | 950-975 | 975-1000 | 975-1000 | 975-1000 | 975-1000 |
| ပဲယင်း(ဝါ) | | 570-595 | 560-585 | 560-585 | 560-585 | 510-535 |
| ပဲယင်း(နီ) | | 725-775 | 780-830 | 780-830 | 815-865 | 740-790 |
| Azuki ပဲတီစိမ်း (နီ) | | 1030-1060 | 1030-1060 | 1030-1060 | 1030-1060 | 1030-1060 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 3.1.2024 to 9.1.2024 | 10.1.2024 to 16.1.2024 | 17.1.2024 to 23.1.2024 | 24.1.2024 to 30.1.2024 | 31.1.2024 to 6.2.2024 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 570-575 | 575-580 | 575-580 | 580-585 | 610-615 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 560-570 | 565-575 | 565-575 | 570-580 | 600-610 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 555-560 | 560-565 | 560-565 | 565-570 | 590-600 |
| 4 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 550-555 | 555-560 | 555-560 | 560-565 | 580-590 |
| 5 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 535-545 | 535-545 | 535-545 | 540-550 | 565-575 |
| 6 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 585-595 | 610-615 |
| 7 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 570-580 | 570-580 | 570-580 | 580-585 | 600-610 |
| 8 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 560-570 | 560-570 | 560-570 | 570-580 | 590-600 |
| 9 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 550-560 | 560-570 | 580-590 |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Sortexed) | 560-565 | 570-575 | 570-575 | 580-585 | |
| 11 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 570-575 | 570-575 | 570-575 | 575-580 | 610-615 |
| 12 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 555-565 | 565-570 | 565-570 | 570-575 | 600-610 |
| 13 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 550-555 | 560-565 | 560-565 | 565-570 | 590-600 |
| 14 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 545-550 | 555-560 | 555-560 | 560-565 | 580-590 |
| 15 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 570-580 | 570-580 | 570-580 | 580-585 | 600-610 |
| 16 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 560-570 | 560-570 | 560-570 | 575-580 | 590-600 |
| 17 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 555-560 | 555-560 | 555-560 | 570-575 | 580-590 |
| 18 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 560-570 | 575-580 |
| 19 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 535-540 | 535-540 | 535-540 | 540-550 | 570-575 |
| 20 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 | 620-630 |
| 21 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 | 610-615 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 570-580 | 570-580 | 570-580 | 570-580 | 600-610 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 560-570 | 560-570 | 560-570 | 565-570 | 590-600 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 550-560 | 560-565 | 575-585 |
| 25 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 630-640 | 640-650 | 640-650 | 640-650 | 650-660 |
| 26 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 620-630 | 630-640 | 630-640 | 630-640 | 645-650 |
| 27 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 630-640 | 640-650 | 640-650 | 640-650 | 650-660 |
| 28 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 620-630 | 630-640 | 630-640 | 630-640 | 645-650 |
| 29 | Myanmar Glutinous Rice 5% Broken | 610-620 | 630-640 | 630-640 | 630-640 | 660-670 |
| 30 | Myanmar Glutinous Rice 10 % Broken | 605-615 | 620-630 | 620-630 | 620-630 | 650-660 |
| 31 | Myanmar Glutinous Rice 15 % Broken | 600-610 | 610-620 | 610-620 | 610-620 | 640-650 |
| 32 | Myanmar Brown Rice 10 % Broken | 460-470 | 460-470 | 460-40 | 460-470 | 500-510 |

**Source: MRF**

## ၂၀၂၄၊ ဇန်နဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.1.2024 | 71.65 | 77.04 | 210.63 | 2.51 | 252.89 |
| 2 | 2.1.2024 | 72.72 | 78.31 | 214.54 | 2.64 | 257.69 |
| 3 | 3.1.2024 | 70.37 | 75.87 | 208.99 | 2.58 | 252.67 |
| 4 | 5.1.2024 | 72.62 | 77.91 | 211.70 | 2.78 | 260.19 |
| 5 | 8.1.2024 | 72.99 | 77.93 | 208.02 | 2.87 | 260.97 |
| 6 | 9.1.2024 | 70.95 | 76.41 | 203.86 | 2.90 | 259.05 |
| 7 | 10.1.2024 | 72.49 | 77.81 | 208.48 | 3.19 | 265.63 |
| 8 | 12.1.2024 | 73.62 | 79.01 | 215.90 | 3.18 | 272.48 |
| 9 | 15.1.2024 | 72.74 | 78.44 | 212.35 | 3.12 | 266.09 |
| 10 | 16.1.2024 | 72.50 | 78.23 | 214.36 | 3.09 | 269.69 |
| 11 | 17.1.2024 | 71.91 | 77.85 | 211.74 | 2.81 | 264.58 |
| 12 | 18.1.2024 | 72.91 | 78.04 | 213.60 | 2.89 | 264.53 |
| 13 | 19.1.2024 | 74.45 | 79.41 | 218.84 | 2.65 | 271.51 |
| 14 | 22.1.2024 | 73.16 | 78.35 | 216.45 | 2.35 | 265.09 |
| 15 | 23.1.2024 | 75.19 | 80.03 | 222.88 | 2.43 | 269.22 |
| 16 | 24.1.2024 | 74.45 | 79.63 | 219.80 | 2.50 | 268.80 |
| 17 | 25.1.2024 | 75.40 | 80.31 | 221.94 | 2.66 | 269.81 |
| 18 | 26.1.2024 | 76.90 | 82.22 | 225.60 | 2.61 | 277.96 |
| 19 | 29.1.2024 | 78.27 | 83.81 | 229.09 | 2.66 | 287.05 |
| 20 | 30.1.2024 | 77.19 | 82.78 | 223.20 | 2.49 | 284.44 |
| 21 | 31.1.2024 | 77.19 | 82.60 | 223.21 | 2.50 | 284.42 |

Source: Bloomberg Commodities

## ၂၀၂၄၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York | Yangon |
|---|---|---|---|---|
| 1 | 1.1.2024 | 2066 | 2069 | N/A |
| 2 | 2.1.2024 | 2073 | 2076 | 3715000 |
| 3 | 3.1.2024 | 2070 | 2145 | 3705000 |
| 4 | 5.1.2024 | 2047 | 2052 | 3700000 |
| 5 | 8.1.2024 | 2041 | 2044 | 3712000 |
| 6 | 9.1.2024 | 2034 | 2040 | 3720000 |
| 7 | 10.1.2024 | 2030 | 2037 | 3742000 |
| 8 | 12.1.2024 | 2038 | 2042 | 3745000 |
| 9 | 15.1.2024 | 2057 | 2061 | 3770000 |
| 10 | 16.1.2024 | 2051 | 2056 | 3770000 |
| 11 | 17.1.2024 | 2026 | 2030 | 3760000 |
| 12 | 18.1.2024 | 2010 | 2013 | 3760000 |
| 13 | 19.1.2024 | 2030 | 2035 | 3780000 |
| 14 | 22.1.2024 | 2024 | 2029 | 3790000 |
| 15 | 23.1.2024 | 2029 | 2034 | 3795000 |
| 16 | 24.1.2024 | 2029 | 2034 | 3835000 |
| 17 | 25.1.2024 | 2019 | 2022 | N/A |
| 18 | 26.1.2024 | 2024 | 2028 | 3850000 |
| 19 | 29.1.2024 | 2025 | 2100 | N/A |
| 20 | 30.1.2024 | 2032 | 2034 | 3870000 |
| 21 | 31.1.2024 | 2035 | 2036 | 3900000 |

Source: Bullionvault, e trade Myanmar